

ကွင်းကြီးသားတင်ဝင်းဦး

# ကိုးပြုတ်တောမှာဖိုးတေဝနေသည်

နှင့် ဝတ္ထုတိုစု

# မာတိကာ

၁။ ငန်းပုပ်နှင့် ငှက်ပုပ်

၁

၂။ ရိုးပြတ်ချောင်းဖျား မာယာများသည်

၁၄

၃။ တိုက်ပွဲ

၂၉

၄။ သူနှင့် သူတို့အကြောင်း

၄၃

၅။ အပေးမှားတဲ့ ပိုက်ချက်

၅၅

၆။ တစ်ဖက်လပ် ငမှတ်

၆၁

၇။ လည်ပြန်ကြည့်ရင်း နောက်ဆံတင်းပေါ့

၇၂

၈။ ရိုးပြတ်တောမှာ ဖိုးတေနေသည်

၈၆

၉။ တာတီးတို့ရဲ့ တစ်တီတူး

၉၆

၁၀။ နွေလွင်ပြင်မှ နှင်း

၁၀၇

၁၁။ ချောင်းရေဖွေးဖွေး မိုးအေးအေး

၁၁၉

၁၂။ မင်းအမေ ရေနံချောင်း မုန့်ပေါင်းအဝယ်သွားတယ်

၁၃၄

၁၃။ သေမင်းအော်တဲ့အသံ

၁၄၃

၁၄။ ကျော်ခင်တွေ့သော ရတနာသိုက်

၁၅၄

၁၅။ ကန်စွန်းရွက်ကြော်တစ်ပွဲ

၁၆၃

၁၆။ လမ်းပေါ်ကပန်း စမ်းရေဖျန်းခဲ့

၁၇၄



# ငန်းပုပ်နှင့် ငှက်ပုပ်

'အု အု အု ...'

'ဝု ဝု ဝု ...' ဟူသော တောခွေးတစ်အုပ် မြည်သံကြားရသည်။ တောခွေးအများ၏ အသံက ရွာခေါင်းရင်းရှိ ရွာဦးကန်ဆီက ဖြစ်သည်။ ထိုကန်ကြီးသည် ဧက နှစ်ဆယ်ခန့်ကျယ်သော ကန်။ ကန်ပေါင်ပေါ်ဝယ် မန်ကျည်းပင်များ အစီအရီပေါက်နေသောကြောင့် မှိုင်းမှိုင်းညို့ညို့။ သက်တမ်းရင့် မန်ကျည်းပင်ကြီးများနှင့်အတူ ဂျုတ်ပင်များကပါ ရောညှပ်ပေါက်နေသေးသည့် ကန်ကြီး။ ရွာဦးကန်ကြီး။

သာလှတို့ 'ကန်ဦး' ရွာသည် အိမ်ခြေငါးဆယ်ကျော်ခန့်သာ ရှိသောရွာ။ ရွာထဲရှိလူများမှာ အများအားဖြင့် လက်လုပ်လက်စားက များသည်။ တောင်သူဦးရေနည်းသော ရွာ။ သီးနှံပေါ်ချိန်မှာ တောသို့အငှားလိုက်ပြီး ကျန်အချိန်များမှာ တောလိုက်ထွက်ကြသည်။ အချို့ သစ်ချ ဝါးချ လိုက်ကြသလို၊ အချို့က ကျောက်တွင်းလိုက်ကြသည်က များသည်။ အချို့က ကန်တက်ရင်း အသက်မွေးကြသေးသည်။ ရွာ၏ ဝန်းကျင်ကို ကျောက်စရစ်မြေများက နီကျင့်ကျင့်၊ အချို့က ဝါရင့်ရင့်၊ အချို့က လွှမ်းခြုံထားပြီ။ ထိုမြေများပေါ်ဝယ် ရှားပင်၊ ထနောင်းပင်၊ ကန္တာရ ထနောင်းပင်၊ တောနာနတ်ပင်များက နေရာယူထားပြီး နဘူးချုံ၊ မိုးနံ့ချုံများကပါ ထပ်ဆင့် အားဖြည့်ထားသည်မို့ တောရိုင်းမြေလို ဖြစ်နေသည်။ သီးနှံအထွက်ကောင်းမည့် မျက်နှာပြင်ညီ မြေသားဆိုတာ သိပ်မရှိ။ ဟိုက ကုန်းမို့မို့ သည်က တောင်မို့မို့နှင့် ဝန်းကျင်သည် အဝေးရပ်ကို သိပ်မမြင်ရ။

ရွာဦးကန်သည် ရွာနှင့် နှစ်ဖာလုံခန့် ဝေးသည်။ ထိုကန်သည် မိုးတွင်းဆိုလျှင် ကုန်းစောင်းများက စီးဝင်သောရေကို လက်ခံပြီး နွေမိုးဆောင်း အသုံးပြုခဲ့သည့်ကန်။ ချိုးရေလည်း ဒီကန်က၊ သုံးရေလည်း ဒီကန်က။ ကျွဲနွားတိုက်ဖို့လည်း ဒီကန်က။ ရွာထဲမှာ ရေတွင်းတူးလို့မရ။ မနှစ်ပိုင်းက

တစ်ရွာလုံး ငွေစုပြီး ရေတွင်းတူးသည်။ အတောင်သုံးဆယ်အထိ ရေမတွေ့။ သည်တော့ လက်လျှော့ရသည်။ ထို့ကြောင့် မရှိမဖြစ်သော ရေကို 'ကန်ဦး' ကန်ကိုသာ အားကိုးကြရသည်က အမှန်။

'အောက် အီး အီး အွတ် ...'

သူငယ်ဆိပ် ကြက်တွန်ပေပြီ။ သာလှသည် ရေနံဆီမီးခွက်ရောင်ကို အားပြုရင်း လွယ်အိတ်ကို ပြင်သည်။ အညာဖြစ် ဖျင်ဖြူလွယ်အိတ်ထဲသို့ ဘတ်ခွ (သားရေဘတ်)နှင့် လောက်စာလုံးများ ထည့်သည်။ နှစ်ချောင်းထိုးခက်ရင်းကို ယူသည်။ ပြီး ဒိုင်းကွင်းပိုက်ကို အရှည် ၄ တောင်ခန့် ယါးမာရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်သည်။ သည်ည အရိုက်ထွက်ရမည်။ မနေ့က ဓာတ်ခဲအသစ် ဝယ်ထည့်ထားသော သုံးခဲထိုးဓာတ်မီးကို ခါးထိုးပြီး အနောက်ခန်းဆီ ကြည့်မိ၏။ မီးခွက်မီးအရောင်ဖြင့် ဇနီးဖြစ်သူနှင့် သမီးတို့ အိပ်ရာဝင်နေပြီ။

'အု အု ... ဝု ... ဝု'

'အူး ... အူး ... ဝူး ... ဝူး' ဟော တောခွေးအသံများ ထပ်ကြားရပြန်ပြီ။

'တင်စိန် ငါ တောသွားတော့မယ်'

'ဟုတ် ... ' ဟု မတင်စိန်က အိပ်ချင်မူးတူးနှင့် ပြန်ထူးရှာသည်။ တကယ်တော့ တစ်နေကုန် ပင်ပန်းခဲ့ရှာသော ဇနီး။ ဟင်းရွက် အပြေးခူး၊ ရွာထဲ အပြေးအလွှား ရောင်းခဲ့ရသေ ဇနီး။ အိပ်ချင်ရှာမည်။ အိမ်အပြင်ထွက်ခဲ့သည်။ လမ်းမဘက်မှ တာတီးတို့ အိမ်ဘက်ထွက်ခဲ့သည်။ တာတီးကလည်း ဒိုင်းကွင်း၊ ဘတ်ခွ၊ ခက်ရင်းတို့ကို အဆင်သင့်ပြင်ပြီးသား။

'သွားကြစို့ ... '

'အေး ... ' ဟု သာလှက တာတီး၏ စကားအဆုံး တိုတိုပြောရင်း ရွာအပြင်ထွက်ခဲ့၏ ။ အပြင်ဝန်းကျင်သည် မှောင်လွန်းသည် ထင်၏ ။

ကြယ်ရောင်တို့က မရဲတရဲလက်နေဆဲ။ တောခွေးအ အသံများ ကြားရဆဲ။ တောခွေးအများသည် ရွာနှင့် သုံးမိုင်ခန့်ဝေးသော တောရိုင်းမြေမှာ နေကြသည်။ ညစဉ်လိုလိုပင် ရွာဦးကန်ကိုလာပြီး ရေသောက်ဆင်းနေကြသည်။ သည်နေ့ညတွင်လည်း ရေသောက်ဆင်းရင်း မြည်နေကြသည်။ အဖော်များကို အသံပြုနေသည် ထင်၏ ။

'ဂီး ... ဂီး ... '

ရုတ်တရက် သာလှတို့ခေါင်းထက်ဆီက ငှက်ဆိုး၏ အော်မြည်သံကြောင့် နှစ်ဦးစလုံး ခြေလှမ်းများ တန့်သလိုဖြစ်သွားသည်။ ဆံပင်များ ထောင်လာသလိုလို၊ နားရွက်များကြီးပြီး ကားလာသလိုလို။ တကယ်တော့ ထိုငှက်ဆိုးသည် နေ့ခင်းမထွက်။ ညညကျမှထွက်ပြီး အစာရှာ၊ အသံပြုသည့်ငှက်။ ညငှက်။ ညဥ့်ငှက်။ ငှက်ဆိုး။ ငှက်ယုတ်။ ငှက်ပုပ် ...။

ထိုငှက်သည် တစ်ကောင်ထဲသာပျံဝဲပြီး အစာရှာသည်။ နှစ်ကောင်ယှဉ်ပြီး မပျံကြ။ ထိုငှက်ဆိုး၏ ပုံသဏ္ဍာန်ကို သာလှတို့ မမြင်ဖူး။ ဘယ်လိုအမွေး၊ ဘယ်လိုအရောင်ရှိသည်ပင် မသိ။ မျက်လုံးဝိုင်းသလား၊ နှုတ်သီးကောက်သလား မသိ။ အတောင်ပံက ဘာအရောင်၊ အမြီးက ဘယ်လိုအမွေးမှန်း မသိ။ အလေးချိန် ဘယ်လောက်ရှိသည်မှန်း မသိ။ များသောအားဖြင့် ထိုငှက်မျိုးကို မမြင်ဖူးကြ။ ငှက်၏ ' ဂီး ... ' ဟူသော သံရှည်မြည်သံကြီးကို နားထောင်ရင်းက 'ငှက်ဆိုး၊ ငှက်ပုပ်' ဟု ကင်ပွန်းတပ်ကြခြင်းရယ်ပါ။

'ငှက်ပုပ်ထိုးပြီကွ၊ ငါတို့ အတိတ်နိမိတ် မကောင်းဘူး ... '

တာတီးက နောက်က ကပ်ပါလာရင်း လက်နှိပ်မီးထိုးရင်း ပြောသည်။ တာတီးပြောသလို ထိုငှက်သံကြားရကတည်းက စိတ်ထဲမှာ တထင့်ထင့်ဖြစ်ခဲ့ရသူက သာလှ။ တာတီးမသိအောင် 'ဟန်ကိုယ့်ဖို့' လုပ်ရင်း အားတင်းလာခဲ့ရပေမယ့်

စိတ်ထဲမှာ ဇဝေဇဝါ။

'ဥပါဒ်ဒါန်ကြောင့် ဥပါဒ်မရောက်နဲ့ တာတီး။ အစွဲမထားနဲ့ကွာ' ဟု ပြောသော သာလှ၏ စကားသံက ခပ်ခြောက်ခြောက်။ တာတီး ဘာမျှမပြောတော့။

သာလှတို့ အညာအရပ်ဓလေ့ တစ်ခုရှိသည်။ ရွာတွင်မက အခြားရွာများမှာလည်း အယူသည်းမှုရှိသည်။ ရွာထဲမှာ လူနာ၊ လူမမာရှိပါက လူမမာရှိသော အိမ်ပေါ်တည့်တည့်ပေါ်မှ 'ဂီး …' ဟု သံရှည်တစ်ချက်မြည်သံ ပြုသွားပါသည်။ ထိုလူမမာသည် သုံးရက်အတွင်း သေသည်က များသည်။ အချို့ဆိုလျှင် ညမှာ ငှက်ပုပ်အထိုးခံရပြီး ညတွင်းချင်းဆုံးတာ နောက်မနက် သေတာ အထိ ကြုံခဲ့ရဖူးသည်။

မနှစ်ပိုင်းက ရွာတောင်ပိုင်းက ဦးချစ်ပိုင်တစ်ယောက် နေထိုင်မကောင်းဖြစ်ခဲ့သည်။ ညအရောက် ငှက်ပုပ်ထိုးသံပြုပြီး ညတွင်းချင်း သေခဲ့သည်။ ပြီး ဦးမြခင်၊ ဦးနောက်ချိတ်၊ ဦးကျက်တော၊ ဦးအုံးမောင်တို့မှာလည်း မနှစ်ပိုင်းကပင် နေမကောင်းဖြစ်ပြီး ငှက်ပုပ်အထိုးခံရပြီး သေဆုံးခဲ့ရသည်။ တိုက်ဆိုင်မှုလား။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်လားတော့ သာလှတို့မသိ။ တွေ့ကြုံရသည့် အဖြစ်ဆိုးများကတော့ လူနာအိမ်ပေါ်မှာ ထိုငှက်ဆိုးထိုးခံရပါက မလွဲမသွေ သေခဲ့သည်ချည်း။ ပြီးရွာမြောက်ပိုင်းက မအေးရှိ အိမ်ရှေ့မှာ ငှက်ပုပ်အထိုးခံရသည်။ နောက်ရက် မအေးရှိတစ်ယောက် တူတော်သူ ဖိုးထောင်က ဓားနှင့်ခုတ်လို့ သေခဲ့ရသေးသလို ရွာဦးဘုန်းကြီး ဖြစ်သော ဦးကုမာရသည်လည်း ကျန်းမာရေးမကောင်း၍ မြို့ဆေးရုံတက်မည်အလုပ် ငှက်ပုပ်က ကျောင်းခေါင်တည့်တည့်မှ ထိုးသွား (မြည်သံပြုသွား) ၍ ပျံလွန်တော်မူခဲ့သေးသည်။

အို …။ ငှက်ပုပ်ဟုခေါ်သော ငှက်ဆိုး၏ အသံသည် ရှင်သေမင်း၏ လက်တံ၊ ရှင်သေမင်း၏ ဆွဲခေါ်ရာ၊ ရှင်သေမင်း၏ ဟားတိုက်ရယ်မောသံ၊ ရှင်သေမင်း၏ အချက်ပေးသံဟု သာလှတို့ အညာအရပ်က ယုံကြည်ပြီးသား။ ထင်မှတ်ပြီးသား။

တောရိုင်းမြေဆီ လှမ်းခဲ့ရင်းက ငှက်ပုပ်နှင့်ပတ်သက်သော အဖြစ်များကို သာလှတွေးမိဆဲ တာတီးကို စကားမပြောမိ။

'ဂီး ... '

'ဟော ... မြည်ပြန်ပြီကွာ၊ တောက် ...၊ မအေပေးငှက်'

တာတီးက ရှီးခနဲပျံပြီး ဂီးသံပေးသွားသော ငှက်ပျံရာ ကောင်းကင်မည်းမည်းကို ကြည့်ရင်း ညည်းတွားသည်။ သာလှရင်ထဲမှာတော့ ...

'အဖေနဲ့ အမေရယ်'

အဖေနှင့် အမေ့ကို တမ်းတမိစဉ် ငှက်ပုပ်က တစ်ကျော့ပြန်ဝဲပြီး မြည်သံပြုလာပြီ။

' ဂီး ... ဂီး ... '

× × ×

' ဂီး ... ဂီး ... '

တိတ်ဆိတ်သော မည်းနက်သော လရောင်ကင်းသောည။ အမှောင်နှင့် အမည်းတို့ ကြီးစိုးသောညအချိန် ငှက်ပုပ်သည် အသံကွဲကွဲ၊ ဩဩအသံကြီးနှင့် မြည်သံ နှစ်ဆင့်ပြုပြီး ခေါင်းထက်ဆီက ဝဲပျံပြေးသွားသည်။ ထိုငှက်ပုပ်မျိုးက 'ဂီး' သံက တစ်ခါတရံ တစ်ချက်သာပြုပြီး ပျံသွားသလို အချို့အကောင် 'ဂီး ... ' သံ နှစ်ချက် ပြုတတ်သည်။

ငှက်ဆိုးထိုးသံကြောင့် နှစ်ဦးသားခြေလှမ်းများ တန့်သွားသည်။ ကိုတောမောင်သည် လက်ထဲက လက်နှိပ်မီးကို ခလုပ်တင်ထားရင်း ဘေးဝဲယာကို ဝေ့ဝဲထိုးသည်။ ညာလက်က ခက်ရင်းကို မြဲမြဲဆုပ်ထားပြီး ဒိုင်းကွင်းကို ထမ်းထားသေးသည်။ မုဆိုးတို့၏ တန်ဆာများက များသည်။ ဘတ်ခွ၊ ခက်ရင်း၊ ဒိုင်းကွင်း၊ လက်နှိပ်မီး၊ ပြီး ... ငှက်များရလျှင်ထည့်ရန် အိတ်ဖြူ တစ်လုံး။ အိတ်ကို

ဇနီးဖြစ်သူ အေးကျင်ထံ ပေးထားသည်။

တောမောင်က ရှေ့က၊ အေးကျင်က နောက်က။ ဒီနေ့ည လင်မယားနှစ်ဦး ငှက်အုပ်၊ စာအုပ် ထွက်ခဲ့ခြင်းပင်။ ချုံများ၊ အပင်ပုများထိပ်ဝယ် အိပ်သော တောစာဝါများကို ဒိုင်းကွင်းနှင့်အုပ်မည်။ အခြားငှက်များတွေ့ပါကလည်း ဒိုင်းကွင်းနှင့်ဖမ်းသင့် ဖမ်း၊ ဘတ်ခွနှင့် ပစ်သင့်ရင် ပစ်။ ဒါ တောမောင်အလုပ်။ အေးကျင်အလုပ်က ဖမ်းပြီး ငှက်များ စာများကို သတ်ပြီး အိတ်ထဲထည့်ရုံ၊ ထမ်းရုံ၊ ရွက်ရုံသာပင်။

'ကိုတောမောင်'

'အိမ်း ဘာလဲဟ၊ နင်လန့်ပြီလားဟင်'

'ကျုပ် ရင်ခုန်လိုက်တာတော်။ အဲ ... အဲဒီ ငှက်ပုပ်ထိုးခံရရင် ... '

'တော်စမ်းအေးကျင်။ နိမိတ်မရှိတာ မပြောနဲ့။ အစွဲကြီးရင် စိတ်ဒုက္ခရောက်တတ်တယ်'

အေးကျင်ကို ခပ်ငေါက်ငေါက်ပြောသူက တောမောင်။ အေးကျင် ဘာမှုမပြောတော့။ အမှောင်ထဲကို မရဲတရဲကြည့်ရင်း တောမောင်နောက် ကပ်လိုက်လာခဲ့၏ ။ တောမောင်က သရက်တော ကွင်းပြင်ရှိ ရှားပင်၊ ထနောင်းပင်၊ တမာပင်ပုများကြီးစိုးရာ ကွင်းအတွင်း ဝင်ခဲ့၏ ။ လက်နှိပ်မီးကို အေးကျင်ဆီပေးလိုက်သည်။

'ရော့ ဓာတ်မီး။ ဟောဟိုက ရှားပင်ပုဆီထိုး၊ ဆက်ထိုး၊ ထိုးထား ဟုတ်ပြီ'

အသံကို တိုးတိုးပြောသည်။ မျက်လုံးအကြည့် အာရုံများကို မီးရောင်ကျရာ ရှားပင်ဆီ စူးစူးရဲရဲကြည့်သည်။ အေးကျင်က လက်နှိပ်မီးကို အဆက်မပြတ်ထိုးထားပေးပြီ။

'ဟော တောစာဝါအုပ်ကွ'

ကြည့် ... မြင်ရသောမြင်ကွင်း။ တောစာဝါများက ထနောင်းပင်ပုလေးများ၏ အကိုင်းအဖျား ထိပ်မှာ အိပ်စက်နေကြသည်က ပြည့်ပြည့်သိပ်သိပ်။ ထိုတောစာဝါများက ရွာထဲကိုမလာ။ နေ့ဆို တောထဲပျံ၊ တောထဲ အစာရှာ၊ တောထဲသာ အိပ်စက်ကြသည့် သတ္တဝါလေးတွေ။ အမွေးအတောင်က အဝါရောင်သမ်းပြီး အကောင်က အခြားစာမျိုးထက် သေးသည်။ စာဝတီး၊ စာခေါင်းကွက်တို့ထက် ငယ်သည်။ လက်နှိပ်မီးရောင်ကြောင့် တောစာဝါများသည် 'ကျိ ကျိ ကျွိ ကျွိ' အသံပြုရုံမှတစ်ပါး အဝေးကို ပျံပြေးခြင်းမပြုကြ။ အမှောင်ထုအတွင်းမှ ဓာတ်မီးရောင် လင်းလက်အောက်မှ တောစာဝါများအိပ်စက်ရာကို ဒိုင်းကွင်းအရိုးရှည်ရှည်ကို အဖျားက ကိုင်ပြီး ဘယ်ပြန်ညာပြန် ဝှေ့ယမ်းလိုက်သည်။ နှစ်ယမ်း သုံးယမ်းအပြီး တောစာဝါများသည် အလုံးအခဲဖြင့် ဒိုင်းကွင်းအရိုင်းအတွင်းရှိ နိုင်လွန် ချည်ကြိုးကွက်များအတွင်း မိပြီ၊ ထိပြီ၊ ငြိပြီ။ သည်တော့ ဒိုင်းကွင်းကိုချပြီး စာဝါများကို တစ်ကောင်ချင်း ဖြုတ်သည်။ သတ်သည်။ ပြီး အေးကျင်၏ အိတ်ထဲမှာ ထည့်သည်။

သည်တစ်ပင်အပြီး နောက်တစ်ပင်။ ယမ်းသည်၊ မိသည်။ ပြီး နောက်တစ်ပင် မကြာပါ။ အကောင်ပေါင်း အတော်ရပြီ။ ယမ်းရတာ လည်း မောပြီ။ သည်တော့ သရက်တောကွင်းပြင် ဇဟိုလောက်မှာရှိသည့် သရက်ပင်အိုကြီးအောက် နားကြသည်။

တကယ်တော့ ... တောမောင်နှင့် အေးကျင်တို့သည် ကန်ဦးရွာတွင် ဆင်းရဲသော စာရင်းတွင် ပါဝင်သော လူဆင်းရဲများဖြစ်သည်။ အိမ်ထောင်ကျအပြီး ကိုယ့်အားကိုယ်ကိုးပြီး မောင်တစ်ထမ်း၊ မယ်တစ်ရွက်သဘောဖြင့် သီးခြားခွဲပြီးနေသည်။ ကိုယ့်ဝိုင်းကိုယ့်အိမ်နှင့် တဲသာသာအိမ်ကို အချစ်နိဗ္ဗာန်ဘုံအဖြစ် သတ်မှတ်ခဲ့သည်။ တောမောင်သည် တောင်သူလုပ်ငန်း ကျွမ်းကျင်သလို ငှက်ပစ်ကြွက်ထောင်အလုပ်ကို ဝါသနာပါသည်။ တောင်သူ လူငှားလုပ်လို့ အလုပ်အားသည့် နားသည့်အချိန် တောထွက်ခဲ့သည်က မွေးရာပါဗီဇ၊

ဝါသနာ။

အိမ်ထောင်ကျပြီး မကြာပါ။ အေးကျင်မှာ ကိုယ်ဝန်ရှိလာပြီ၊ အေးကျင် သားဦးဖွားပြီးခဲ့ သည်မှာ လေးနှစ်ပြည့်လို့ ငါးနှစ်ထဲ ဝင်ခဲ့ပြီ။ တောအလုပ် တောင်အလုပ်ကလည်း ပါးပြီ၊ နားပြီ။ သည်တော့ သူများတွေလို ကျောက်တွင်းထွက်ခြင်း မပြု၊ သစ်ချ ဝါးချ လိုက်ခြင်းမရှိ။ မိမိရွာမှာပင် ရှိတာလုပ်၊ ဖြစ်သလိုစား။ အိုးမကွာ အိမ်မကွာ ဖြစ်နေသည်။ သားမကွာ မယားမကွာ နေခဲ့သည်။

ကန်ဦးရွာဝန်းကျင်ရှိ ကွင်းပေါင်းစုံ၊ တောပေါင်းစုံ၊ လျှိုမြောင်ချိုင့်ဝှမ်း ပေါင်းစုံမှာ တောနင်း ခဲ့ဖူးပြီ။ တောကြွက်၊ တောင်ကြောင်၊ တောခွေးကအစ ယုန်၊ ပွေးအထိ လိုက်ခဲ့ဖူးသည်။ လင်းမြွေရှာ၊ မြွေပွေးဖမ်းပါ လုပ်ခဲ့သည်။ ပြီးခဲ့သည့် သုံးနှစ်ခန့်က လင်းမြွေဈေး၊ မြွေပွေးဈေးကြီးတော့ တောမောင်တို့ အလုပ်ဖြစ်ခဲ့သည်။ တစ်ရက် တစ်ရက်ဆိုလျှင် နှစ်ပိဿာ၊ သုံးပိဿာမက ရခဲ့သည်။ တစ်ခါတရံ ငါးပိဿာအထိ ရခဲ့ဖူးသည်။

တောတောင်အလုပ်လုပ်ရင်း၊ တောလိုက်အလုပ်လုပ်ရင်း ရသည့်လုပ်အားခကို စုသည်၊ ချွေတာသည်၊ ဖြစ်သလိုနေသည်။ ရောင့်ရဲ၏ ၊ တင်းတိမ်တတ်၏ ။ ယခု တောမောင် တောလိုက် ထွက်ခဲ့သည်။ သားလေးကလည်း ငါးနှစ်ထဲဝင်ပြီမို့ အိမ်မှာ ထားခဲ့လို့ရပြီ။ အနောက်ဘက်အိမ်က ကိုရင်အေးသာအိမ်ကို မှာထားခဲ့လျှင် စိတ်ချလက်ချ တောလိုက်လို့ရသည်။ ညတိုင်း ကိုရင်အေးသာတို့အိမ် မှာခဲ့သည်ချည်း။ အပြန်ကျ ဟင်းစားပေးလျှင် ပြီးရော ...။

'ဂီး ... '

နားရင်းက စည်းစားရင်းရှိစဉ် ငှက်ပုပ်သည် အမှောင်ထု ကောင်းကင်ယံထက်မှ ပျံပြေးရင်း မြည်သံပြုသွားပြန်ပြီ။

'ဟင်း' ဟူသော အေးကျင်၏ ကြောက်လန့်မှု သင်္ကေတအဖြစ်

သက်ပြင်းမောချသံ ကြားရသည်။ ဟိုယခင်ညတွေက မကြားခဲ့ရသည်က များသည်။ ငှက်ပုပ်ကြားရသည့် ညတွေ ကြုံခဲ့သော်လည်း စိုးရိမ်ကြောင့်ကျမှုတွေ စိုးနေပြီ ...။

'နောက် နှစ်ယမ်း သုံးယမ်းပြီးရင် တော်ကြစို့ဟာ။ အမွေးနှုတ်ရဦးမှာဆိုတော့ ... '

'တော့်သဘောလေ သဘော'

အေးကျင်က အသက်မပါသလို ပြောသည်။ နာရီဝက်ခန့်နားပြီး သရက်တောကွင်း တောင်ဖျားကို ချီတက်ခဲ့သည်။ ထိုကွင်း တောင်ဖျားတောအုပ်သည် တောထူသည်။ ကုန်းမြင့်၊ ချိုင့်ဝှမ်းပေါသည်။ ချုံနွယ်ပိတ်ပေါင်း ပေါသည်။ ငှက်ပေါသည့်အရပ်။ တောလိုက်သမားတွေ အရောက်အပေါက်နည်းသောအရပ်။

'ရှူး ... ရှူး ...'

သရက်ပင်အိုကြီးထံမှ ခွာမည်အလုပ် အပင်နှင့် ခြေလှမ်းဆယ်လှမ်းခန့် အကွာရှိ နဘူးချုံဆီက နှာမှုတ်သံ နှစ်ချက်ဆင့်ကြားရသည်။ နှာမှုတ်သံက ခပ်ပြတ်ပြတ်။ ခပ်ပြင်းပြင်း။

'ကိုတောမောင်၊ မြွေ ... မြွေနဲ့တူတယ်၊ နှာ ... နှာမှုတ်သံ'

'ဟုတ်တယ်၊ အသာနေ၊ လက်နှိပ်မီးကို ဟောဟိုချုံဆီထိုးထား'

တောမောင်က လက်ထဲက ဒိုင်းကွင်းကို မြေပြင်မှာ ချသည်။ အေးကျင်က ငှက်အိတ်ကို ချပြီး လက်နှိပ်မီးကို မပြတ်ထိုးဆဲ။ တောမောင်က ခက်ရင်းရိုးကို မြဲမြဲဆုပ်ပြီး မြွေကို ရင်ဆိုင်ရန် သတ္တိမွေးလိုက်သည်။ သို့သော် နဖူးပြင်မှာ ချွေးတွေ စို့လျက် ...။

'အင်း ...၊ ငှက်ပုပ်အော်သွားတာဟာ ငါတို့အတွက် သေမင်း။ ငါတို့အတွက် သေရမယ့် အချိန်ကို အချက်ပေးလိုက်တာပါလား' ဟု

တောမောင်တွေးရင်း ငှက်ပုပ်ထိုးသံများကို နားထဲ ကြားယောင်မိ၏။ တဝီးဝီးမြည်သံ၊ ပြီး မိမိရှေ့ရှိ မြွေ၏ နှာမှုတ်သံ၊ တောမှုတ်သံ၊ ဒေါသသွင်းသံ၊ 'ရှူး ရှူး ခွီး ခွီး ... ' အသံများက သေမင်း၏ ဟားတိုက်ရယ်သံလိုလို။

'ရှူး ... '

မြွေသည် တောမောင်တို့ကို ပေါက်သတ်ရန် နောက်ဆုံးအသံပြုပြီး ချုံထဲက လျှောခနဲ ထိုးထွက်လာသည်။ မီးရောင်အောက်ဝယ် ချက်ထောက်ပြီး ရပ်ထားသော မြွေကိုကြည့်ရင်း ... '

'ဟင် ... ငန်းပုပ်ကြီး' ဟု တောမောင်နှုတ်က အသံထွက်သည်။ အေးကျင်မှာတော့ ပါးစပ် အဟောင်းသားနှင့် မျက်လုံးပြူးကာ အသက်ရှူဖို့ပင် မေ့နေသည်။ တုန်သော ခုန်သောရင်သည် တဒိတ်ဒိတ်။ သေမိန့်ကျခံရသည့် ရာဇဝတ်သားလို ဖြစ်ဆဲ။ ထိုအချိန် ... ကြီးမားတုတ်ခိုင်သော မြွေမည်းမည်းပုပ်ပုပ်ကြီးကို ကြည့်ပြီး ကြောက်လန့်နေချိန် ...။ အေးကျင်၏ လက်ထဲက လက်နှိပ်မီး မြေပြင်မှာ ခွပ်ခနဲကျသွားသည်။

'ဟင် .... အေးကျင်၊ မှောင်သွားပြီ ၊ သေ ..... သေကုန်တော့မှာပဲ။ ကောက် ..... မြန်မြန်ကောက်'

တောမောင်သတိပေးမှ အေးကျင်သတိဝင်လာပြီး မြေပြင်မှာစမ်း၍ ကောက်သည်။ ပြီး ... ထိုးသည်။ မရ၊ လက်နှိပ်မီးက မလင်းတော့။ မြေပြင်မှာ အကျနာ၍ အတွင်းက လျှာကပ်သလား၊ မီးကျွမ်းလေသလား မသိတော့။

အမှောင်တွင်းဝယ် မြွေသည် လျှောခနဲတိုးလာသည်။ ရှူးခနဲ မြည်သည်။

'အေး ... အေးကျင် ငါ့နောက်လာရပ် ... '

တောမောင်စကားမဆုံးခင် အေးကျင်သည် တောမောင်၏ ခါးကို ဖက်ထားလိုက်သည်။ ထိုအခါ မြွေသည် တောမောင်တို့နှင့် သိပ်မဝေးတော့သော

အဝေးမှာ ရောက်နေပြီ။

'ကျုပ် ... ကျုပ် ကြောက်တယ်'

'မ ... မကြောက်နဲ့' ဟု အေးကျင်ကို အားပေးစကားပြောသော တောမောင်အသံသည် တုန်ချိချိ။ ထိုအချိန် မြွေကြီးသည် ချက်ထောက်ရာက ခေါင်းကို မြေပြင်ထက်ဝဲရင်း၊ ကစားရင်း၊ လျှောခနဲ ပြေးအလာ ...။ အမှောင်ရိပ်၊ သစ်ပင် ချုံနွယ်များ၏ အမှောင်ရိပ်များအကြား၊ မြွေ၏ လှုပ်ရှားမှုကို မျက်ဝန်းအစုံက အားယူကြည့်ရင်း လက်ထဲက ခက်ရင်းနှင့် မှန်းပြီး လွှဲကာရိုက်သည်။ သို့သော် ရိုက်ချက်လွဲသွားသည်။ မထိ။ ထိုအချိန် ... ငန်းပုပ်သည် ညမျက်စိအမြင် အားကောင်းသည့် မြွေဆိုးပေမို့ ...

'ရှူး ... '

'ဒေါက် ... '

'အား ... '

နှာမှုတ်သံ၊ မြွေပေါက်သံနှင့်အတူ တောမောင်၏ 'အား' ဟူသော အော်သံသည် မှောင်သော မည်းသော တိတ်ဆိတ်သောညအလယ်ဝယ် ချောက်ချားစွာ ထွက်လာသည်။ မကြာ၊ အေးကျင်တစ်ယောက်မှာလည်း ...။

× × ¬×

'တောရိုင်း တောထဲရောက်ပြီ'

တာတီး၏ သတိပေးစကားကြောင့် သာလှ၏ အတွေးစများ ပြတ်သွားသည်။ ထနောင်းပင် များ၏ အရိပ်ချုံများ၊ တောနာနတ်ပင်များ၏ ခဏအကွယ်ကြောင့် မှောင်သောညသည် ပို၍ မှောင်ဆဲ။ မိပေးအမွေ၊ ဖပေးအမွေဖြစ်သော တောလိုက်ခြင်း အလုပ်ပေမို့ ညစဉ်လုပ်နေကျ ဝတ္တရားအတိုင်း အမြင်အာရုံနှင့် အကြားအာရုံများကို နှစ်ဦးသား အစွမ်းကုန် လွှင့်ထားသည်။

တွေ့ပြီ။ တောရိုင်းမြေကို ဥတုသုံးပါးစလုံး မင်းမူထားသော မုန်ညင်းမြက်ရိုင်းများ၏ ထိပ်ဝယ် တောစာဝါကလေးများသည် ကျလာမည့်အန္တရာယ်ကို မသိရှာကြ။ အသံပြုခြင်းမရှိဘဲ ငြိမ်သက်ဆဲ။ တာတီးက သုံးခဲထိုးလက်နှိပ်မီးကို ထိုးပြသည်။ သာလှက ဒိုင်းကွင်းကို ဘယ်ညာပြန် ရိုက်သည်။ ပိုးခနဲမြည်သည့် ဒိုင်းကွင်း၏ လေထဲခွင်းသည့် အသံအဆုံး ...။ ပိုက်ကွက်ထဲမှာ စာဝါများ မိ၏ ။ စာဝါများက ကျွိကျွိ၊ ကျွိကျွိနှင့် အသံပြုသည်။ ပိုက်နှင့်လွတ်သော စာဝါများက အမှောင်ထဲမှာ ဦးတည်ရာမဲ့ ကြောက်လန့်စွာနှင့် ပျံကုန်သည်။ မိထားသော ဒိုင်းကွင်းအတွင်းမှ စာဝါများကို စိမ်ပြေနပြေ ဖြုတ်သည်။ ဒိုင်းကွင်းအရိုးဖြစ်သော ဝါးမာနှင့် စာ၏ ခေါင်းကို ခပ်ဆတ်ဆတ်ရိုက်သည်။ အကောင် လေးဆယ်ခန့် တစ်ပြိုင်နက်ရသည်။

နောက်တစ်နေရာ ပြောင်းသည်။ အကောင်များ ထပ်ရသည်။ သတ်ပြီး၊ သေပြီ စာဝါများကို တာတီး အိတ်ထဲစုထည့်သည်။ တကယ်တော့ သာလှနှင့် တာတီးက အတူလုပ်၊ အတူခွဲယူ လုပ်ခဲ့သည်က ကြာပြီ။ ဖြစ်အတူ ပျက်အတူ ရအတူတူ။ ဘဝတူ အလုပ်သမားတွေ ...။

ငါးနေရာခန့် ရိုက်မိတော့ စာဝါများသည် အကောင်ပေါင်း အတော်ရပြီမို့ နေ့တွက်ကိုက်ပြီ။ သုံးကောင် အတွဲတစ်တွဲကို တစ်ဆယ်နှင့် ရောင်းရသည်။ ပြန်ကြလျှင် စာများကို အမွေး နှုတ်ရသည်။ အကောင်အကြီးအသေးအလိုက် သုံးကောင်တွဲပြီး ရောင်းရမည်။ ဈေးချရောင်းဖို့က အိမ်က ဇနီး၏ တာဝန်။ ငှက်ရဖို့က မိမိ၏ တာဝန်။

စာကို ဒိုင်းကွင်းနှင့် ရိုက်ရင်းက တစ်ခါတရံ ထနောင်းပင်၊ သရက်ပင်များထက်က ငှက်ခါး၊ ဇီးကွက်၊ လင်းဆွဲ၊ ချိုး (ဂျိုး)၊ လင်းပြာအထိ ကြီးမားသော အကောင်မျိုးတွေ ရသေးသည်။ ဤလို အကောင်ကြီးမျိုးရပါက ငွေတွင်းက မိမိရေ့မှာ။ ငွေရလွယ်သည်။ ဝယ်သည့်လူတွေက ဈေးကြီး ပေးပြီး စားကြသည်။ စာရိုက်ပြီးလျှင် ထိုငှက်မျိုးများကို ရှာဖွေဦးမည်။

'ဂီး ... ဂီး ...'

နားရင်းက ခေါင်းပေါ်က ဖြတ်ပျံပြီး မြည်သွားသော ငှက်ပုပ်အသံကြောင့် ဆတ်ခနဲ ခေါင်းကြီးသွားကြသည်က အမှန်။ အမှောင်ဖုံးထားသော ကောင်းကင်ထဲဝယ် ငှက်ပုပ်သည် ဝဲပျံ သွားပြီထင်၏ ။

× × ×

တောရိုင်းတော၊ သရက်တောကွင်း၊ လက်ပံကွင်းတို့သည် ဆက်စပ်နေသည်။ ဘယ်တော ဘယ်တောင်၊ ဘယ်ကုန်း၊ ဘယ်ချိုင့် ဟူ၍ မှန်းဆလို့မရသည်အထိ မှောင်သော အမှောင်ထုကို ကောင်းကင်ထက်က ကြယ်ပွင့်လေးများက အင်အားချိနဲ့စွာနှင့် ငေးကြည့်နေသယောင်။

တောတိုးနေကျ၊ တောကျွမ်းပြီးသားမို့ မုန်ညင်းမြက်ရိုင်းများက ခါးလယ်အထိ မြင့်သည်မို့ တောတိုးနေကျလမ်းအတိုင်း လက်နှိပ်မီးအားပြုရင်း လာခဲ့ကြသည်။ ဝါးနှစ်ပြန်ခန့်ဝေးသော မုန်ညင်းမြက်ရိုင်းများပေါ်နှင့် တောနာနတ်ပင်ထိပ်ရှိ ဆူးချွန်နက်နက်တွေပေါ်မှာတော့ တောစာဝါ ငှက်ကလေးများ အိပ်စက်နေပြီ။ တာတီးက လက်နှိပ်မီး ဆက်ထိုးပြထားသည်။ သာလှက ဒိုင်းကွင်းအရိုးကို ဆုပ်ရင်း ငှက်များဆီမှန်းပြီး ယမ်းသည်။ မိပြီ။ အကောင်နှစ်ဆယ်ခန့်ရသည်။ သတ်ပြီး အိတ်ထဲထည့်သည်။ နောက်တစ်ကြိမ်ယမ်းရန် အခြားနေရာရှေ့၏ ။ တွေ့ပြီ။ ယမ်းပြန်သည်။ ရပြန်ပြီ။ သတ်ပြီး အိတ်ထဲပင်ထည့်၏ ။ အတော်ကြာအောင် ယမ်းတော့ တော်တော် ရပြီ။ ခေတ္တနားသည်။ မုန်ညင်းမြက်ရိုင်းများအတွင်းက ဆီးပင်အောက်မှာ ထိုင်ကြ သည်။

နားရင်းက တာတီးသည် ကွမ်းအိတ်ကို ထုတ်ပြီး ကွမ်းယာရင်း ...

'မင်း သမီးလေး ဒီနှစ် ငါးတန်းနော်'

'အင်း ... 'ဟု သာလှက ဖြေသည်။ တာတီးကလေးက

ကျောင်းလိုက်အရွယ် မရောက်သေး၊ ယခုမှ ၂ နှစ်သာ ရှိသေးသည့် ကလေး။

'ငါတော့ ငါတို့မွေးတဲ့ကလေးတွေကို အခုလိုအလုပ်မျိုးဖြစ်တဲ့ အကုသိုလ် အလုပ်မျိုးကို အမွေမပေးချင်ဘူးကွာ။ ငါ့သားကို ကျောင်းလိုက်အရွယ်ရောက်ရင် ကျောင်းထားမယ်။ ဘွဲ့ရ ပညာတတ်ဖြစ်အောင် ပျိုးထောင်မယ်၊ မင်းစဉ်းစားကြည့်ကွာ။ ငါတို့ တောလိုက်အလုပ်က အန္တရာယ်သိပ်များတာ'

ကွမ်းဝါးရင်း တာတီးက ရိုးသားစွာနှင့် ပြောသည်။ တာတီး၏ ရည်မှန်းချက် မြင့်မြင့်ထားမှုကို ချီးကျူးမိသည်။ မမြင်ရသေးသည့် အနာဂတ်ခရီးအတွက် ရင်သွေးလေးတွေ၏ ဘဝမြှင့်တင်ရေး စကားကို ဂုဏ်ယူသည်။

'အင်း ... ကံတရားပဲ တာတီးရာ။ ငါလည်း ငါ့သမီးလေကို ပညာတတ်ဖြစ်အောင် ထားမယ်လို့ ဆုံးဖြတ်ပြီးသားပါကွာ။ အင်း အလုပ်ဟူသမျှ ဂုဏ်ရှိစွလို့ ဆိုထားတာကိုး။ ဒီတော့ လတ်တလော ဝမ်းရေးအတွက် အကုသိုလ်အကျိုးပေးအတိုင်း ဆက်ပြီး ရိုက်ကြဦးစို့ကွာ'

ပြောရင်း ထိုင်ရာက ထသည်။ သာလှသည့် လက်နှိပ်မီးနှင့် တောရိုင်းတောအတွင်းရှိ ချုံများ၊ မြက်များကို ထိုးသည်။ ပြီး ... ထနောင်းပင်၊ ကုလားထနောင်းနှင့် ဆီးပင်များပေါ် ထိုးကြည့် သည်။ ထိုအပင်ကြီးများပေါ်မှာ လင်းယုန်၊ စွန်၊ ဗျိုင်း၊ ဇီးကွက်၊ ချိုးတို့ ရှိနိုင်သည်။ မုန်ညင်းမြက်များ ထက်ကကျော်ပြီး အဖေနှင့် အမေသေခဲ့သော သရက်တောကွင်းဆီ လက်နှိပ်မီးနှင့် လှမ်းထိုး ကြည့်မိပြန်တော့ အမှောင်ထဲမှာ ထိုကွင်းသည် ငြိမ်သက်ဆဲ ...။

အဖေနှင့် အမေသည် ထိုကွင်းမှာပင် ငန်းပုပ်ကိုက်ပြီး သေခဲ့သည်။ မိမိ ငါးနှစ်သားအရွယ်။ အဖေနှင့် အမေတို့သည် ဝမ်းရေးအတွက် ယခုလို ငှက်ပစ်ထွက်ရင်း သေပြီးတော့ အရီးလေး တော်သူက မိမိကို ဆက်မွေးခဲ့သည်။

ရှာဦးဘုန်းကြီးကျောင်းမှာ ကိုရင်ဝတ်ခဲ့ပြီး အတန်းကျောင်း ကို လိုက်ခဲ့ရသည့်ဘဝ၊ ပြီး အရပ်သားဖြစ်ပြီး လူငှားဝင်ခဲ့ရသည့်ဘဝ၊ လူငှားလုပ်ရင်း အဖေ့သား ပေမို့ ဝါသနာဗီဇက ငှက်ပစ် တောထွက်အလုပ်ကို ခုံမင်စွာလုပ်ရင်း ...

ဘဝတူ မတင်စိန်နှင့် အိမ်ထောင်ကျခဲ့သည်။ တစ်အိုးတစ်အိမ်ထူထောင်ခဲ့ရာက ယခု သမီးပင် ဆယ်နှစ်ကျော်လို့ ငါးတန်းပင် ရောက်ခဲ့ပြီ။

'ဩော် ... အဖေနဲ့ အမေရယ်' ဟု ရင်ထဲက တွေးရင်း မိဘနှစ်ပါးကို တမ်းတမိသည်။

'ဂီး ... '

ငှက်ပုပ်က တစ်ချက်သာအသံပြုပြီး ဝဲပျံသွားပြန်သည်။ ထိုငှက်ပုပ်အသံဆိုးကို ကြားတိုင်း အဖေနှင့် အမေကို သတိရခဲ့သည်က အမြဲ။ ယခုလို မှောင်သောည၊ တောလိုက်ထွက်ရသော ညမျိုးဆိုလျှင် ပိုပြီး သတိရသည်။ ငှက်ပုပ်ကိုလည်း ရွံသည်၊ မုန်းသည်။ ငန်းပုပ်ကိုလည်း မုန်းသည်၊ ရွံသည်။

'မင်း ... အဖေနဲ့ အမေတုန်းကလည်း အခုလို ငှက်ဆိုးထိုးခံရပြီး ငန်းပုပ် အပေါက်ခံပြီး ...'

'ဟုတ်တယ် တာတီး၊ ငန်းပုပ်က ချုံထဲကထွက်လာပြီး ပေါက်မယ်အလုပ် အမေ့လက်ထဲက လက်နှိပ်မီး လွတ်ကျခဲ့တယ်။ ကံဆိုးဖို့ ဖန်လာတာပေါ့ကွာ။ အမှောင်ထဲမှာဆိုတော့ အဖေက ငန်းပုပ်ကို မမြင်ရဘူး။ အဲ ... မြွေက ညကောင် (ညသတ္တဝါ) ဆိုတော့ အမြင်အာရုံက အဖေနဲ့ အမေ့ကို မြင်ပြီးသားလေ။ ဒီတော့ အဖေ့ရဲ့ရိုက်ချက်ကို ရှောင်ပြီး ... '

တာတီးစကားမဆုံးခင် သာလှက ရင်ထဲမှခံစားချက်များကို ပြောခဲ့မိသော်လည်း အဆုံးထိ မပြောလို၊ မပြောရဲ၊ မပြောဝံ့ပြီ။ ပြောလည်း မပြောချင်၊ ကြားလည်း မကြားလို ...။

နှစ်ဦးသား စကားတိတ်သွား၏ ။ တောထဲ ဝင်ခဲ့သည်။ သာလှသည် ရှေ့ကသွားရင်းနှင့် စောစောက ငှက်ပုပ်မြည်ပြီး ပျံသန်းလာခဲ့သော တောစပ်ကို အကဲခတ်သည်။ အကဲခတ်ရင်း ရှိပြီး လှမ်းနေသော ခြေလှမ်းများကို ရပ်လိုက်သည်။

'သာလှ ဘာပြုလို့လဲဟင်'

'ရှူး တိုးတိုး၊ ရှေ့ကို အကဲခတ်စမ်း' ဟု သာလှက တာတီးကို ပြောရင်း မိမိရှေ့က နဘူးချုံကြီးထဲ အကဲခတ်ကြည့်သည်။ နဘူးချုံသည် မီးရောင်ကြောင့် ပြားပြားဝပ်ဝပ် မြင်ရသည်။ ချုံ၏ အကျယ်အဝန်းက အတော်ကျယ်ပြီး ချုံအမြင့်က လူတစ်ရပ်မက မြင့်နေသည်။ သာလှက လက်နှိပ်မီးနှင့် အသေအချာ ထိုးကြည့်သည်။ အော် ... အဖေနှင့် အမေတို့တုန်းကလည်း အနီး နဘူးချုံထဲက ငှက်ပုပ်ထွက်ပြီး အပေါက်ခံရလို့ သေရပြီဟု တွေးဆဲ။

'ဂီး ... '

ခေါင်းပေါ်က ဖြတ်ပျံရင်း ငှက်ပုပ်က နောက်တစ်ကြိမ်မြည်တော့ ငှက်ပုပ်မြည်ရာကို လက်နှိပ်မီးနှင့် ငဲ့စောင်းကြည့်ရင်း ထိုးလိုက်စဉ် ...

'ဟာ ... '

သာလှ၏ လက်နှိပ်မီးရောင်အောက်ဝယ် မြွေကြီးသည် တရွေ့ရွေ့နှင့် လာနေပြီ။ မိမိတို့၏ နောက်ကျောနှင့် ဝါးနှစ်ပြန်ခန့်မှာ ရောက်နေသည်။ တော်ပါသေးသည်။ မြွေကြီးသည် အတင်းပြေး လာပြီး ဝင်ကိုက်ပါက နှစ်ဦးစလုံးခံရမည်။ ယခုတော့ မြွေသည် နှာသံ၊ တောသံ၊ မာန်မဲသံ မပြုဘဲ နေသည်မို့ မြွေ၏ ရန်ကို မသိနိုင်။ သို့သော် ငှက်ပုပ်က ခေါင်းပေါ်ဝဲရင်း မြည်သံပြုခဲ့တော့ မြည်သံ ပြုသည့် ငှက်ပျံသွားရာအရပ်ကို နောက်ပြန်ပြီး လက်နှိပ်မီးနှင့်အထိုး မြွေကြီးကို မြင်တွေ့ခဲ့ရပြီ။ ဒါဆိုလျှင် ငှက်ပုပ်သည် လူကိုမြင်လို့ မြည်တာလား၊ မြွေကို မြင်လို့ မြည်တာလား။ အဘယ်သို့ဆိုစေတော့ ဒီတစ်ခါ ငှက်ပုပ်မြည်ခြင်းသည် 'မြွေလာနေပြီ၊ မင်းတို့နောက်မှာ မြွေ ... မြွေ' ဟု

ပြောခဲ့သယောင်။

တာတီး သတိထားကွ။ မင်းလက်နှိုပ်မီးကို ဘယ်ဘက်နဲ့ကိုင်၊ ညာလက်နဲ့ ခက်ရင်းကိုင်ပြီး ပြင်ထား'

'အင်း ...' ဟု တာတီး ပြောသည်။ လက်နှိပ်ဓာတ်မီး နှစ်လက်စလုံး အပြိုင်ထိုးတော့ မီးရောင်အောက်ဝယ် မြွေသည် ခေါင်းကို ဘယ်ညာယမ်းရင်း တိုက်စစ်ဆင်ဖို့ ပြင်နေသည်ကို တွေ့ရ၏ ။ အမြင်အာရုံကို စူးစူးစမ်းစမ်းနှင့် သတိထားကြည့်မိပြန်တော့ ကြုံတွေ့နေရသော မြွေဆိုးသည် မြွေဟောက်။ ငန်းစောင်းမဟုတ်။

'ဟင် ... အဖေနဲ့ အမေအသက်ကို ခြွေခဲ့တဲ့ ငန်းပုပ်မျိုးပါလား'

သာလှ အံကြိတ်ရင်း ရင်ထဲမှာပင်တွေးရင်း လက်နှိပ်မီးကို အဆက်မပြတ်ထိုးထားသလို တာတီးကလည်း မီးထိုးထားပြီး ရိုက်ကွင်းရရန် လူချင်းခွဲသည်။

'တာတီး မင်း လက်နှိပ်မီးဆက်ထိုး၊ ငါ ရိုက်မယ်'

သာလှက ပြောလိုက်သည်။ တာတီးထံမှ လက်နှိပ်မီးရောင်ကြောင့် ပြာနှမ်းနှမ်း ငန်းပုပ်ကြီး သည် တာတီးထံ အာရုံပြောင်းသွားသည်။ ငန်းပုပ်ကို အာရုံပြောင်းအောင်လုပ်ပြီးပြီ။ ငန်းပုပ်သည် ကြီးမားသော ကိုယ်လုံးကြီးကို မီးရောင်ရှိရာ ရွေ့လျားပုံက ခပ်မြန်မြန်။ ကြီးမားသော ခေါင်းပြားပြားကြီးကို ယိမ်းနွဲ့နွဲ့လုပ်ရင်း ရဲရဲမှည့်မှည့်ရှိသော မျက်လုံးအစုံက စူးစူးရဲရဲ ကြည့်ရင်း၊ လျှာနှစ်ခွက ပြူတစ်ပြူတစ် လုပ်ရင်း၊ ပါးစပ်ကြီးကို အသားကုန်ဖြဲသည်။ မာန်သွင်းသည်။ နီရဲရဲ အာခေါင်ကြီးကို မြင်ရသည်။ ဖြူဖွေးပြီး ကောက်ချိတ်ချိတ်အစွယ်များကို မြင်ရသည့်အချိန် ...

'ကဲကွာ ... '

'ဖုန်း ... '

'ဖြောင်း ... '

'ခွီး ... ရှူး ... ရှူး '

ရိုက်ချက်ပြင်းပြင်းကြောင့် ငန်းပုပ်သည် ငါးတောင်ခန့် လွင့်သွားသည်။ အထိနာသော မြွေကြီးက သာလှတို့ဘက်လှည့်ပြီး ရန်မူရန် ကြိုးစားပြန်သည်။ ထိုအချိန် တာတီးက မြေပြင်မှာ လူးလူးလဲလဲနှင့် အားယူရန်ကြိုးစားနေသော ငန်းပုပ်ဆီကို၊ သာလှက ပြေးရိုက်ပြန်သည်။ ဖုန်းခနဲ မြည်သံ၊ ရှူးခနဲ နှာမှုတ်၊ အမှုတ်သံများနှင့်အတူ တိတ်ဆိတ်သောညမှာ ဆူဆူညံညံ။ ထိုအချိန် တာတီးသည် လက်နှိပ်မီးထိုးရင်း ပြေးအလာ။

'အား ... အမလေး'

'ဟာ ... တာတီး၊ ဘာ ... ဘာပြုလို့လဲ'

'အား ... ' ဟုသာ တာတီးက အော်ဆဲ။ သာလှအမေးကို မဖြေ။ ငန်းပုပ်ကို ရိုက်ရန် စစ်ကူပြုရန် ပြေးလာသည့် တာတီး။ နာကျင်သော ထိတွေ့မှု၊ အသည်းပေါက်မတတ်ဖြစ်သော နာကျင်မှုကြောင့် လက်နှိပ်မီးနှင့် ခက်ရင်းကို မြေပြင်ပေါ်လွှတ်ချပြီး အမှောင်ထဲထိုင်ကာ တအားအား အော်သည်။ သာလှက အဘယ်အကြောင်းမှန်း မသိ၍ လက်နှိပ်မီးထိုးရင်း တာတီးထံ ပြေးလာသည်။ မာန်နှင့် အားနှင့် ရိုက်ရန် ရွယ်ထားသော ခက်ရင်းကိုချပြီး တာတီးထံလာရင်း ပွေ့ထားလိုက်သည်။ အထိနာသောမြွေကြီးကတော့ အမှောင်ထဲမှာ လူးလူးလွန့်လွန့်။ ရှူးသံ၊ ဖြီးသံ ပေးရင်း ဒေါသထွက်ဆဲ။

'ဘာ ... ဘာဖြစ်တာလဲ၊ ဟာ ... ခြေဖဝါးမှာ သွေးတွေ'

'ဟုတ်တယ်၊ ခြောင့် ... ခြောင့်စူးတာ အား ...'

မီးနှင့် အသေအချာထိုးကြည့်တော့ သာလှရင်မှာ ဒိန်းခနဲ ဖြစ်သွားရပြီ။

အို … ကြည့်စမ်း၊ တာတီး၏ ခြေဖဝါးအလယ်မှာ လက်မခန့်တုတ်သော ကုလားထနောင်းငြောင့်ကြီးက စိုက်လျက်။ ငြောင့်ဘေးက ပြဲသွားသော အသားအတွင်းက သွေးရဲရဲတို့က စည်းကမ်းမရှိ၊ အတားအဆီးမဲ့စွာ သွန်ထွက်နေပြီ။

'ငါ ငြောင့်ကို နုတ်မယ်။ သတိထား'

သာလှစကားအဆုံး တာတီးက ခေါင်းညိတ်ပြသည်။

'ကဲ … '

'အား … '

တာတီးအော်သံက ဝန်းကျင်ကို လွှမ်းသွားသည်။ အားနှင့် နုတ်လိုက်သောငြောင့်၏ အရှည်သည် နှစ်လက်မခန့်ရှိသည်။ ကြည့်၊ ခြေဖဝါးက ဖောက်ဝင်ပြီး ခြေဖမိုး အရေပြားအထိ ဖောက်ထွက်လုလု။ ငန်းပုပ်ဆီထားရှိသော ဒေါသများ လွင့်ကုန်ပြီ။ ငန်းပုပ်ကတော့ လူးလွန့်ဆဲ။ တာတီး၏ ငြောင့်ကို နုတ်ပြီး၊ ငန်းပုပ်ဆီမီးထိုးရင်း အပြီးသတ် သတ်လိုက်သည်။ ငန်းပုပ်ငြိမ်ကျ သွားသည်။

'လာ … တာတီး၊ ငါ ထမ်းမယ်'

တာတီး လမ်းမလျှောက်နိုင်။ လက်နှိပ်မီးအားကိုးရင်း တောရိုင်းတောထဲမှ တိုးပြီး ထွက်လာ ခဲ့သည်။ ရွာဆီက သန်းခေါင်ကြက်တွန်သံ ကြားရပြီ။ တာတီးကတော့ တအင်အင် တကျွတ်ကျွတ်နှင့် နာကျင်မှုဝေဒနာကို အံတင်းခံဆဲ။ ရွာဆီ အသော့နှင်လာခဲ့သည်။ ဒိုင်းကွင်းများ၊ မိထားသောစာများ၊ ခက်ရင်းများကို သတိမရတော့။ တာတီးကို ရွာအရောက် အမြန်ပို့ပေးရေး သည် အဓိက။ ဆေးခန်း အမြန်ရောက်ရေးသည် အဓိက။
လူ့အသက်တစ်ချောင်းရှင်ရေးသည် အဓိက။ အနာမန်းဝင်မှာ၊ အနာငန်းဝင်မှာ စိုးရသည်။ မေးခိုင်ပိုးဝင်မှာ ကြောက်ရသည်။

'ဂိီး … '

ထိုအချိန် ငှက်ပုပ်သည် ခေါင်းပေါ်မှ ပျံရင်း မြည်သံကြောင့် သာလှရင်ထဲ ထိတ်သွားရ သည်က အမှန် ...

× × ×

ဆေးခန်းမှာ ပြသည်။ ဆေးထိုးသည်၊ စားဆေး စားသည်၊ မရ။ တာတီးတစ်ယောက် ညှော်ဝင်ခဲ့သည်။ ခြေထောက်တစ်ဖက်လုံး အနာမန်း၊ အနာငန်းဝင်ခဲ့သည်။ ဆေးရုံကြီးသွားဖို့ ကျပြန်တော့ မလွယ်။ မကြာပါ ... တာတီး လူ့ဘဝမှ အပြီးအပိုင် ထွက်ခွာသွားသည်။ တာတီးဇနီး ကတော့ ငှက်ပုပ်အော်သံကြောင့် ယခုလိုဖြစ်ရသည်ဟု တစ်ထစ်ချ စွဲနေဆဲ ...။

'အင်း ... ငှက်ဆိုတာ ပျံမယ်၊ ဝဲမယ်၊ မြည်မယ်။ ဒါငှက်တွေရဲ့ သဘာဝ က ပေးလာတဲ့ သဘာဝ တရားတွေပါ။ လူတွေကသာ အတွေးခေါင်ပြီး ဥပါဒ်ဒါန်စွဲကပ်နေကြတာ။ ငှက်ပုပ်မြည်လို့ သေကြတယ် ထင်ကြတာပါ။ အဖေနဲ့ အမေတုန်းကလည်း ငှက်ပုပ်ဟာ ငန်းပုပ်ကိုမြင်လို့ သတိပေး သဘောနဲ့ မြည်ခဲ့တာပါ။ ဒါ အဖေတို့ သဘောမပေါက်ခဲ့ဘူး။ အခုလည်း ငှက်ပုပ်က ငန်းပုပ်နဲ့ လူမြင်လို့ မြည်တယ်။ ဒါကိုသိနေတဲ့ ငါက ရှေ့မှာ မြွေရှိပြီဆိုတာ ကြိုသိလို့ သတိထားခဲ့တယ်။ ငန်းပုပ်ကို အောင်မြင်ခဲ့တယ်။ တာတီးဖြစ်ရတာ ကလည်း ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်ပါဟာ။ ငှက်ပုပ်နဲ့ ဘာမှ မဆိုင်ပါဘူး။ သတိထားရင် ဗဟုသုတရှိရင် ကျလာမယ့် အန္တရာယ်ကိုတောင် ကြိုတင်သိနိုင်ပါတယ်ဟာ'

တာတီး ရက်လည်ဆွမ်းသွတ်သည့်နေ့က ရွာထဲက လူများကို အကျိုးအကြောင်း ရှင်းပြခဲ့ သေးသည်။ သြော် ... သူ့ရင်သွေးကလေးကို ပညာတတ်ဖြစ်စေချင်သော တာတီး။ ယခုတော့ တမလွန်ကို ရောက်နေပေပြီ။ သာလှကတော့ ငှက်ပုပ်ကို အပြစ်မမြင်။ ငှက်ဆိုတာ မြည်မှာပဲ။ လူကို ဒုက္ခလာမပေး။ မြေပြင်က မြွေကသာ အဆိပ်ရှိတာ။ သတိဝီရိယနှင့် ဗဟုသုတရှိပါက ... အဘယ်ဒုက္ခမှ ရောက်သည် မထင် ...။

'တင်စိန် ... ငါတော့ တာတီးကလေးတွေအတွက် ငါတို့ ကူညီကြစို့ဟာ။ ကျောင်းလိုက် အရွယ်ရောက်ရင် တာတီးမျှော်မှန်းထားသလို ပညာတတ်ဖြစ်အောင် ကြိုးစားခိုင်းပြီး တတ်နိုင်သရွေ့ ကူညီတာပေါ့။ ပြီး ... ငါတို့သမီးလည်း ပညာတတ်ဖြစ်အောင် ကြိုးစားခိုင်းမယ်'

မတင်စိန်က အပြုံးနှင့် ခေါင်းဆတ်ပြသည်။ ပညာမတတ်ခဲ့၍ သူ၏ ဝန်ထမ်းဖြစ်ခဲ့ရသော မိမိတို့၏ ဘဝသည် မိမိရင်သွေးများကို အမွေမပေးလိုတော့။ ပညာအမွေသာ ပေးတော့မည်ဟု တွေးရင်း၊ ငှက်ပုပ်တွန်သံကို ပြန်လည်ကြားမိရင်း ပြုံးသူက သာလှ ...။

(J)


ဦးပြတ်ကြောင်းများ

# ရိုးပြတ်ချောင်းဖျား မာယာများသည်

မိုးက ဖွဲဖွဲကျနေသည်။

ပြာနှမ်းမည်းညိုသော မိုးသားတိမ်တိုက်တို့က ထက်ကောင်းကင် လဟာပြင်ကို လွှမ်းခြုံ ထားသည်။ လျှပ်ပြက်ခြင်းမရှိ၊ ထစ်ချုန်းခြင်းမပြုပါဘဲနှင့် တဖွဲဖွဲရွာချလာသော မိုးစက်တို့က လောကအတွက် တန်ကြေးရှိပါဘိတော့။ တန်ဖိုးမဖြတ်နိုင်သော မိခင် မိုးစက်များကြောင့် မြေသားလွင်ပြင်သည် ဝမ်းသာအားရနှင့် လက်ခံနေပြီ ထင်ရသည်။

တစိမ့်စိမ့်ရွာသောမိုးက နှစ်ရက်နှင့် နှစ်ညရှိပြီ။ ရေပြင်ပါးပါးက လမ်းတွေပေါ်မှာ၊ ရွာအပြင် လယ်ကွင်းတွေ၊ ယာခင်းတွေပေါ်မှာ တငြိမ့်ငြိမ့်စီးဆင်းနေပြီ။ လှည်းလမ်းတွေပေါ်၊ လူသွားလမ်း တွေပေါ်မှာတော့ ရေက စီးဆင်းဆဲ။

မိုးရေမသောက်ရတာ ကြာပြီဖြစ်သော အပင်များသည် စိမ်းစိုစပြုနေပြီ။ ရေတစ်အိုး မိုးတစ်ပေါက်တဲ့။ မိုးတစ်ပေါက်၏ အာနိသင်နှင့် ရေတစ်အိုး၏ အာနိသင် အတူတူပဲတဲ့။ အို ... မိုးစက်တို့၊ မိုးရေတို့၏ အစွမ်းက တန်ဖိုးကြီးပါဘိတော့။

ကြည့်စမ်း။ လေညင်းသွဲ့သွဲ့နှင့် ခပ်ယဲ့ယဲ့ပါလာသော မိုးစက်များအကြား ကလေးတစ်သိုက် သည်။ လူးလွန့်ပြေးလွှားရင်း ဆော့ကစားနေကြ၏ ။ ဘောလုံးကန်သူ ကန်၊ ထုပ်တိုးကြေးကစားသူ ကစား၊ ပြေးတမ်းလိုက်တမ်း ဆော့သူ ဆော့၊ စက္ကူလှေလုပ်ရင်း ရေစီးမှာ လှေကို လွှတ်သူ လွှတ်။

ရွှံ့စက်တွေ အလိမ်းလိမ်း၊ ပေပေကျံကျံနှင့် ဆော့နေသည့် လမ်းပေါ်က ကလေးတစ်သိုက် ကို ကြည့်ရင်း၊ ကျော်အေးတစ်ယောက် အိမ်ထဲထိုင်ရင်း၊ ပီတိမျက်နှာနှင့် မိုးစက်များကို ငေးနေ မိသည်။ မိုးဖွဲဖွဲကြားမှာ ကလေးတစ်သိုက်၏ ပျော်ရွှင်မှုက ကျော်အေး၏ ရင်ကို ကူးစက်အေးမြ နေချေပြီ။

'ရွာစမ်း၊ ရွာလိုက်စမ်း။ ဒါမှ၊ ဒါမှ တောင်သူတွေ လယ်ယာထဲ ပဲကြဲ၊ စပါးကြဲနိုင်မှာ။ တောင်သူဆူဖြိုးမှ ငါတို့အလုပ်သမားတွေလည်း လူမွဲသူမွဲ ပြောင်ကြမှာ'

ရင်ထဲကပြောရင်း အဖန်ရည်အိုးနှင့် ဖိမ်ကျနေသည်။ မနေ့က တစ်နေ့လုံး မိုးရွာထဲရပ်ပြီး လမ်းမဘက်ကရေတွေ အိမ်ထဲမဝင်အောင် တားခဲ့ရသည်။ ယနေ့ ဖျားချင်ချင်။ လည်ချောင်းတွေပူ၊ ကိုယ်တွေ လက်တွေ ကိုက်ခဲနေသည်။ ခေါင်းက ခပ်အုံအုံနှင့်။ ယနေ့တော့ ဇနီးဖြစ်သူက အိမ်ရှေ့ လမ်းမဘက်ရပ်ရင်း ပေါက်ပြားနှင့် မြေအချို့ ပေါက်ယူရင်း ကန်သင်းတင်နေပြီ။ မကြာပါ။ ရေခံ ထားသော အင်တုံထဲမှ မိုးရေများကို အိုးများထဲ ပြောင်းထည့်နေသည်။ ကျော်အေးအနေနှင့် မိုးစက်များကိုငေးရင်း အဖော်တစ်သိုက်ကို မျှော်နေမိသည်။ ကျော်အေး၏ အဖော်တွေ။

တာတီး၊ ပေါက်စ၊ သောင်းစိန်၊ အေးမောင်။

ဒီကောင်တွေက ကျော်အေး၏ အပေါင်းအသင်းတွေ၊ လုပ်ဖော်ကိုင်ဖက်၊ ဆေးဖော် ကြောဖက်တွေ၊ တောထွက်အတူတူ၊ တောပြန် မခွဲမခွာနေလာ ပေါင်းသင်းလာသူတွေ၊ ကျော်အေး ဆင်းရဲသလို ဒီကောင်တွေခမျာလည်း မရှိရှာ။ ဒီကောင်တွေ ချို့တဲ့သလို ကျော်အေးဘဝလည်း မပြည့်စုံခဲ့။ အတူတူနှင့် အနူနူမို့ ချိုကျိုးနှင့် နားရွက်ပဲ့ချင်းဖြစ်၍ စိတ်တူကိုယ်တူ။ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်နေသည့် ဘဝတွေ။

မျှော်နေသည့်အချိန် မိုးကစဲသွားပြီ။ ခပ်စိပ်စိပ်သာ ကျဆင်းနေသော မိုးစက်ငွေမျှင်တန်း လေးများက အားပျော့လာပြီ ထင်ရသည်။

ထိုအချိန် ရေထဲဖြတ်ပြီးလာနေသည့် ခြေသံများ၊ လူသံများကို ကြားရသည်။ အဖန်ရည်ခွက် ကို တစ်ကျိုက်မော့သောက်ရင်း အပေါက်ဝမှ လမ်းမပေါ်ကို ငဲ့စောင်းကြည့်မိသည်။

'ဟိုကောင်တွေ လာပြီ ... ' အသံထွက်ပြောမိသူက ကျော်အေး။ ထင်သည့်အတိုင်း တာတီးတို့အဖွဲ့ ရောက်လာပြီ၊ လာနေပြီ။ အားလုံး လူစုံတက်စုံ။ မျှော်နေသည့်အဖော် လေးယောက်။ လေးယောက်စလုံး စကားတွေဖောင်ဖွဲ့ရင်းနှင့် တဟီးဟီး တဟားဟားပြုကာ အိမ်ထဲဝင်လာသည်။

'ကိုကျော်အေး'

'ဟေး ... ရှိတယ်ဟ၊ လာကြ'

သူတို့အားလုံးဝင်လာပြီး ကျော်အေးအနီး ဝိုင်းထိုင်သည်။ ဆေးလိပ်သောက်သူ သောက်၊ အဖန်ရည်သောက်သူ သောက်။

'မင်းတို့အဖွဲ့ကို မျှော်နေတာ ... '

ကျော်အေးက ပြောလိုက်သည်။ မိုးရွာပြီဆိုတော့ သူတို့အတွက် အကွက်တွေ့တော့မည် မဟုတ်လား။ နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလကကိုသာ တောင့်တ နေမိကြသည်။ အားလုံးသော လူတွေက ဆင်းရဲသည်ဆိုတော့ ပျိုးကြဲချိန်အငှား၊ ပျိုးနုတ်ချိန်အငှား၊ လယ်ရိတ်ချိန်အငှား။ အဲ ... လယ်ပြီးပြန်တော့ ထင်းခုတ်၊ တောလိုက်နှင့် ဘဝကို ရပ်တည်ဖို့ ရုန်းကန်ခဲ့ကြရသည်။

တကယ်တော့ သူတို့အဖွဲ့၏ အဓိကအလုပ်က တောလိုက်ခြင်း။

တောလိုက်တယ်ဆိုတာ မြွေဖမ်း၊ ကြွက်တူး၊ ပုတတ်တူး၊ ဖွတ်ဖမ်း၊ တောကြောင်ထောင်၊ ငါးမျှားခြင်းအလုပ်။ ထိုအလုပ်တွေက အကုသိုလ်အလုပ်ပေမယ့် ဝမ်းဝဖို့အရေးဆိုတော့ ငရဲကြီး လိုက ကြီးစေတော့၊ မတတ်နိုင်။ အူမ တောင့်ဖို့ သီလ မစောင့်နိုင်ပြီ။

ဟော ... ယခု မိုးဦးက သူတို့ကို ဆီးကြိုနှုတ်ဆက်ပြီ။ မိုးရွာပြီဆိုတော့ ရိုးပြတ်ချောင်းများကို တက်ကြရမည်။ အဖွဲ့လိုက် တညီတညွတ်တည်း သွားကြရမည်။ ဖားကလည်း မိုးကျကျချင်း မကျတတ်။ မိုးရွာပြီး

သုံးလေးရက်စောင့်မှ ဆင်းတတ်၊ ကျတတ်သည်။ ဖားဆင်းသည်၊ ဖားကျသည်ဆိုတာက ချောင်းတစ်ဘက်ရှိ ကျောက်စရစ်တောင်ကုန်းတွေပေါ်မှ အစုံလိုက်အပြုံလိုက် ဆင်းခြင်းပင်။ တစ်ခါတရံ ရေတွေနှင့် ပါလာတတ်သည်။ တစ်ခါတရံ အသားလွတ် ဆင်းတတ်သည်။

ဆင်းလာ၊ ကျလာသော ဖားများကို တောင်ကုန်းစပ်နှင့် ချောင်းအကြားရှိ သောင်ပြင်မှ စောင့်ပြီး ကောက်ယူရုံသာ။

'ငါတို့ လုပ်ငန်း စကြရအောင်။ အားလုံးပြင်ဆင်ထား။ ဒီနှစ် ဖားကျမှာက မတရားကွ။ မိုးမရွာခင်က ကိုယ် ကျောက်စရစ်တောင်ကုန်းပေါ် ရောက်သေးတယ်။ ဖားကျင်းတွေ၊ ဖားဥတွေ မတရားတွေ့ခဲ့တယ်' ကျော်အေးက ပြောသည်။ သူတို့အဖွဲ့မှာ ကျော်အေးက ခေါင်းဆောင်။ ကျော်အေး စကားကို နားထောင်ကြသည်။

'ဒါဆိုရင် ကျုပ်တို့ ဘယ်ရက် ထွက်မလဲ'

အေးမောင်က အလောတကြီး မေးလိုက်သည်။ အားလုံး၏ မျက်လုံးများမှာ မျှော် တလင့်လင့်။ ဖားကျပြီဆိုရင်တော့ သူတို့အတွက် ရတနာတွင်း။ ရွှေအိုး၊ ငွေအိုးကြီး ရသလိုမျိုး။ ဖားကို သူတို့တစ်ရွာလုံးသာမက အခြားရွာကလူတွေ သိပ်ကြိုက်သည့်သတ္တဝါ။

'မနက်ဖြန် ခရီးထွက်မယ်ကွာ။ မိုးရွာရင် ရွာ၊ မရွာရင်လည်း နေ။ ထွက်ဖြစ်အောင် ထွက်ကြမယ် သိလား။ စုရပ်က ငါ့အိမ်မှာပဲ စုကြ။ အဝတ်အစားတစ်စုံ အပိုယူခဲ့ကြ။ ဆာလာအိတ် တစ်လုံးစီလည်း ယူခဲ့။ လက်နက်ကတော့ အပြည့်အစုံပါပလေ့စေနော်'

'ဟုတ်ကဲ့'

ကျော်အေးစကားအဆုံး အားလုံးဖြေကြသည်။ နောက်ထပ် စကားပြောရင်းနှင့် ကျော်အေး ဇနီး သုပ်ပေးသော ပဲကြီးလှော်ကိုစားရင်း

စကားကောင်းဆဲ။ ရိုးပြတ်ချောင်း အကြောင်း၊ ကျောက်စရစ် တောင်ကုန်းအကြောင်း၊ ပြီးတော့ ဖားအကြောင်း။

မိုးက တစိမ့်စိမ့်နှင့် ပြန်ပြီး ရွာလာပြန်ပြီ။ မိုးကျလာလေ အဖန်ရည် သောက်ကောင်းလေ။ စကားပြောကောင်းလေ။ နေ့လယ်ရောက်ပြီ။ နေရောင်မမြင်ရ၊ နေပင် မမြင်ရ။

သို့ဖြင့် သူတို့အဖွဲ့ ပြန်သွားပြီ။ ပြင်ဆင်စရာရှိတာ ပြင်ဆင်ရဦးမည်။ မနက်ဖြန်စောစော ကျော်အေးအိမ်မှာ ဆုံကြမည်။ ပစ္စည်းပစ္စယတွေ ထုပ်ပိုးရဦးမည်။

ကျော်အေးကတော့ မနက်ဖြန် ဖားကောက်သွားရမည့်ခရီးကို တွေးရင်း ပြုံးနေမိသည်။

× × ×

နောက်မနက် ခပ်စောစောအချိန်တွင် လူစုံပြီဖြစ်သည်။

အားလုံး ပစ္စည်းလည်းစုံပြီ။ ဆာလာအိတ်၊ လေးခွ၊ လောက်စာလုံး၊ ခက်ရင်း၊ ဓားရှည် တစ်ချောင်းစီ၊ ပလိုင်းတစ်လုံးစီ။ ကျော်အေးက ဆေးဝါးသူဆိုတော့ ဗမာဆေးရွက်ကြီး တစ်ထုပ် ယူပြီး အိတ်ထဲထည့်လိုက်သည်။

အားလုံး နီးခမောက် ကိုယ်စီဆောင်းထားသည်။ မိုးက တဖွဲဖွဲကျနေ၏ ။ ထမင်းချက်စရာ ဒန်အိုးတစ်လုံး၊ ဒယ်အိုးတစ်လုံး၊ ဆန်တစ်ယောက်တစ်ပြည်စီ ယူခဲ့ကြ၏ ။ ဆီက တစ်ဆယ်သားစီ။ ဆန်ငါးပြည်၊ ဆီငါးဆယ်သား။

'ကဲ ... သွားကြမယ်ဟေ့'

အားလုံးထွက်ခဲ့ကြသည်။ ဇနီးဖြစ်သူကို နှုတ်ဆက်၊ သားနှင့် သမီးကို လက်ပြရင်းနှင့် ကျော်အေးနှုတ်ဆက်၏ ။ ကောင်းကင်မှာ မိုးသားတို့က ညို့မှိုင်းနေပြီ။ ခပ်ဖွားဖွားကျနေသော သေးမျှင်မျှင်မိုးသားတို့က ဝန်းကျင်ကို

လွှမ်းခြုံထားသည်။ လေညင်းက ခပ်နော့နော့။ ခပ်သော့သော့လှမ်းခဲ့သော သူတို့အဖွဲ့ ရွာထဲကထွက်ပြီး အနောက်အရပ်ဆီ ဦးတည်ခဲ့ပြီ။

ရွာထဲက လူတွေက သူတို့အဖွဲ့ကို ကြည့်နေကြသည်။ ဖားကျလို့ ရလာလျှင် ဘယ်၍ ဘယ်မျှပို့ပါ၊ ရောင်းပါဟု အော်ဟစ်မှာသံတွေက ဆူညံနေသည်။ ကျော်အေးတို့အဖွဲ့က ဝိုင်းလုပ် ဝိုင်းစားစနစ်။ ရလာသည့်ဖားများကို အချိုးကျ ခွဲဝေမရောင်း။ အားလုံးစုပေါင်းပြီး ရောင်းသည်။ ရောင်းရသည့်ငွေကျမှ အတွက်ကျ ခွဲပြီးယူသည်။ မနှစ်ကဆိုလျှင် တစ်ဦးကို သုံးသောင်းကျော်စီ ရခဲ့ကြသည်။ ရွာမှာ ရောင်းလို့မကုန်၍ အခြားရွာများကို အပြေးအလွှား ရောင်းကြရသည်။

ပထမဆုံးရက်တွင် ဖားအကျကို စောင့်သည်။ မိုးကို မျှော်သည်။ မိုးဖွဲဖွဲကျလာပြီဆိုလျှင်ဖြင့် ကျောက်စရစ်တောင်ကုန်းထက်ဆီက အသံစုံမြည်သံပေးရင်း ဆင်းလာကြသည့် ဖားများကို အပြေးအလွှား စုပြုံပြီးသဲ့ယူ ပလိုင်းထဲကောက်ထည့်ရုံသာ။ တကယ် ဖားကျလို့ ရပြီဆိုလျှင် အိတ်ကြီးတွေနှင့်မဆန့်။ တစ်ရက်တည်းမဟုတ်၊ ရက် နှစ်ဆယ် တစ်လအထိကျသော ဖား။ သဲ့ယူလို့ မကုန်၊ ရောင်းလို့မကုန်သည်အထိ ရတတ်သည်။ ငွေရှင်သည်မို့ မျှော်ခဲ့တာကြာပြီ။

စကားတပြောပြောနှင့် ကကတန်းများကို ဖြတ်ကျော်သည်။ လယ်ကွင်းများကို ကွင်းကာ သွားသည်။ ရွာနှင့် ရိုးပြတ်ချောင်းများက လေးမိုင် (နှစ်တိုင်) နီးပါးခန့် ဝေးသည်။ ကျော်အေးတို့ ရွာနှင့် ချောင်းဖျားက အနီးဆုံး။ အဲ... အခြားရွာနှင့်ဆိုလျှင် သိပ်ပြီးဝေးသည်။ ဝေးတော့ မဆင်းကြ။ ဖား လာပြီး မကောက်ကြ။ အဲ ... စားတော့ စားသည်။ ဝါသနာမပါတာလည်း ဖြစ်နိုင်သည်လေ။

သည်တော့ ကျော်အေးတို့အကြိုက်။

စကားပြောရင်းလာခဲ့ရာ မိုးသည် တစိမ့်စိမ့်ကျလာပြီ။ တောင်လေတစ်ချက် ဝှေ့လာသည်။ မိုးရေစက်တို့ကြောင့် သူတို့အားလုံး ရွှဲရွှဲနစ်နစ်။

ဖိနပ်တွေချွတ်ပြီး ကိုင်ရင်း လာခဲ့ကြသည်။ မိုးရွာသည့်ကြားထဲက ဆေးလိပ်သောက်သူ သောက်၊ ကွမ်းဝါးသူ ဝါး၊ ဆေးဝါးသူ ဝါး။ စကား မပြောဖြစ်ကြ။

အတော်ကြာတော့ ကျောက်စရစ်တောင်ကုန်းကို မိုးစက်ဖွဲဖွဲအကြားမှာ မှုန်ဝါးဝါးမြင်နေရပြီ။ ငွေမှိုင်းဖြူတစ်အုပ် အသံပြုရင်း ချောင်းဖျားဆီမှ ပျံသန်းလာသည်။ တောကျီးမည်းတစ်အုပ် ကလည်း အသံကျယ်ကျယ်ပြုရင်းနှင့် ဝဲပျံပြေးသွားနေချေပြီ။

တောင်ကုန်းပေါ်က ချုံနွယ်ပိတ်ပေါင်းတွေ၊ ကျောက်စိုင်ကျောက်သားတွေက အထင်းသား။ ကျောက်စရစ်နီရဲရဲ အရောင်က ခပ်လွင်လွင်။

မကြာပါ။ ရိုးပြတ်ချောင်းကို တွေ့လိုက်ရပြီ။ ချောင်းရေသည် အသင့်အတင့်သာ ရှိသည်။ အနက်ဆုံးနေရာသည် လူ့ခါးလောက်သာ။ ရေကြည်ကြည်စီးဆင်းတတ်သော ချောင်းက မိုးရေတို့ ကြောင့် ခပ်နောက်နောက်။ ချောင်းစပ်တွင် ခဏနားသည်။ သပြေပင်ခြေရင်းမှာ ထိုင်လိုက်ကြ သည်။ အနီ ရိုးပြတ်ချောင်းက ရေကျချိန်ဆိုလျှင် သိပ်ပြီးမကျယ်။ အဲ ... မိုးများလို့ တောင်ကုန်းပေါ်က ရေစီးလာပြီဆိုလျှင်ဖြင့် အတော်အသင့် များတတ်သည်ကလွဲ၍ အန္တရာယ် ပြုခြင်းတော့မရှိခဲ့။

ကျော်အေးတို့ဆင်းရဲသားများအတွက် အားပြုစရာချောင်း၊ ဖားနှင့် ငါး ရခဲ့သောချောင်း။

အနီချောင်းကို ကျော်အေးတို့ ဆင်းရဲသားတွေအတွက် အဘယ်မှာမေ့နိုင်ပ့ါ။ ယခုလည်း သူတို့အဖွဲ့ ချောင်းစပ် သပြေပင်မှာနားရင်း ရှိ၏ ။ ချောင်းရေပြင်က မိုးရေကြောင့် စီးဆင်းနေပြီ။ တအောင့်အကြာ သပြေပင်ခြေရင်းမှ ထလာခဲ့ကြသည်။

'သွားကြစို့ကွာ ... '

ဝန်စည်စလယ်များ ထမ်းပိုးရင်း ရိုးပြတ်ချောင်းကို ဖြတ်ခဲ့ကြသည်။ ငါးမိနစ်သာ ကြာသည်။ ချောင်း၏ တစ်ဖက် ကျောက်စရစ်တောင်ကုန်းဘက်ကို ရောက်လာ၏ ။ ငြိမ်သက်မှုနှင့်အတူ ကျောက်စရစ်တောင်ကုန်းက ကြိုဆိုနေပြီ။ ချောင်းနှင့် တောင်ကုန်းက အတော်အတန်သာ ဝေးသည်။ ပေးငါးရာ ခြောက်ရာခန့်သာ ဝေးပြီး အကြားမှာက သဲသောင်ခုံ။ အချို့နေရာက ကျောက်ကမူတွေ၊ အချို့နေရာက တောစပ်စပ်တွေ ကာဆီးထားသည်။

'ကဲ ... ဆက်ကြဦးစို့ဟေ့'

ကျော်အေးက လောဆော်လိုက်သည်။ သူတို့အဖွဲ့သည် ချောင်းနှင့် တောင်ကုန်းအကြား ခရီးနှင်ခဲ့သည်။ မကြာပါ။ ချောင်းဖျားကို ရောက်ခဲ့ပြီ။

'အရင်နေရာ နားမယ်ဟေ့'

မနှစ်က နားခိုခဲ့သော ကျည်းနီပင်ခြေရင်းမှာ ရပ်လိုက်ကြသည်။ ပါလာသော ဆာလာအိတ် အပိုများကို ဖြန့်လိုက်ပြီး အမိုးအဖြစ် ကျပ်ကျပ်တည်းတည်း လုပ်လိုက်သည်။ ဝန်စည်စလယ် များကို အတွင်းချပြီး ထမင်းချက်ဖို့ ပြင်သူ ပြင်၊ ထင်းရှာသူ ရှာ။ သူတို့ ကံကောင်းသွားသည်။ မိုးတိတ်သွားပြီ။ တိမ်သားက ထုထည်ကြီးမားဆဲ။

သည်တော့ ချက်ဖို့ ပြုတ်ဖို့ အဆင်ပြေသွားသည်။ ပေါက်စက ထမင်းဟင်းချက်။ တာတီးနှင့် အေးမောင်က ထင်းရှာ၊ ဟင်းရှာ တာဝန်က ကျော်အေးနှင့် သောင်းစိန်၏ တာဝန်။

'လာ ... သောင်းစိန်၊ ချောင်းထဲ ငါးသွားမျှားကြရအောင်၊ ဟင်းစားရတာပေါ့'

'ဟုတ် ... သွားမယ်လေ။ ဟေ့ ... တာတီး။ ထမင်းမပျော့စေနဲ့'

'အေးပါဟ'

သောင်းစိန်က တာတီးကို သတိပေးရင်း ကျော်အေးနောက် လိုက်ခဲ့၏ ။ ချောင်းထဲက ငါးရံ့ နှစ်ကောင်၊ ငါးခေါင်းရှည် နှစ်ကောင်နှင့် ပုစွန်ဆိတ် အနည်းအကျဉ်း ရခဲ့သည်။ ရလာသည့် ငါးများကို ခုတ်ထစ်ပြီး ချက်ကြသည်။ ထို ထမင်းတစ်နပ်၏ အရသာသည် ခံတွင်းတွေ့ပါဘိတော့။

စားသောက်ပြီး ဆာလာအိတ်တဲအတွင်းမှာ စုပေါင်းထိုင်ရင်း ဆေးလိပ်သောက်ကြ၊ ကွမ်းဝါး ကြရင်း စကားပြောမိကြသည်။

'ညနေဆိုရင် ဖားကျတော့မယ်။ ဒီတော့ ငါတို့သုံးယောက်က ကောက်မယ်။ ရလာတဲ့ ဖားတွေကို အေးမောင်နဲ့ တာတီးက သွားပြီး ရောင်းဖို့ ပြန်ပို့ရမယ်။ ဟုတ်ပြီနော်။ မနှစ်က အတိုင်းပေါ့ကွာ'

'ဟုတ်ကဲ့'

အေးမောင်နှင့် တာတီးက ခေါင်းဆတ်ပြရင်း ဖြေသည်။ မနှစ်ကလည်း ချောင်းဖျားမှာ ကျော်အေး၊ ပေါက်စ၊ သောင်းစိန်တို့နေခဲ့ပြီး တာတီးနှင့် အေးမောင်က ရွာထဲပြန်ပြီး ဖားပို့သည်။ ရောင်းရတာ ကိုမှတ်။ ငွေကို တောင်း။ ဒါက အေးမောင်နှင့် တာတီးတို့၏ ဇနီးနှစ်ယောက်အလုပ်။ အဲ ... သစ္စာရှိဖို့တော့လိုသည်။ ပိဿာချိန် မခိုး၊ ငွေ မခိုးကြရ။ အဲသလို သစ္စာမဲ့သည့် အလုပ်မျိုးလည်း မလုပ်ကြ။ ဘဝတူတွေဆိုတော့ သစ္စာစောင့်ရမည်လေ။

ချောင်းဖျားမှာကျန်ရစ်ပြီး ဖားစောင့်ကောက်သူ ကောက်ရင်း၊ ရောင်းသူက သစ္စာမဲ့လျှင် အဘယ်မှာ တရားပ့ါမလဲ။

အစီအစဉ်ချရင်း မိုးချုပ်မည့်အချိန်ကို စောင့်သည်။ နေမင်းသည် တိမ်ကြားမှ ဝင်သွားလိုက် ထွက်လာလိုက်။

× × ×

'ဟင် ... ကိုကျော်အေး၊ ဟိုမှာ လူတစ်စု'

တာတီး ညွှန်ပြရာကို ကျော်အေးရော အခြားသူများပါ ကြည့်မိသည်။ တကယ်လည်း လူနှစ်ယောက်တိတိ။ ရိုးပြတ်ချောင်းကို ဖြတ်ကျော်လာပြီး ကျောက်စရစ်တောင်တန်းဆီ ကူးလာပြီ။ ကျော်အေးတို့ စတည်းချရာ ကျည်းနီပင်ကို ခပ်စိုက်စိုက် လာနေသည်။

'ဘယ်သူတွေလဲ မသိဘူး'

'တောဝင်မယ့် ကောင်တွေထင်တယ်'

'ဟုတ်ဟန်မတူဘူးကွ။ ပလိုင်းတွေ၊ တောင်းတွေ၊ ဆာလာအိတ်တွေပါ ပါလာကြတာ ဆိုတော့ ငါတို့လို ဖားကောက်တဲ့သူတွေပဲ ဖြစ်ရမယ်'

အဖော်များ၏ ထင်ကြေးကို ကျော်အေးက မှတ်ချက်ပြုပေးရင်း ရှိ၏ ။ လူနှစ်ယောက်သည် ခမောက်မပါကြ။ စိုစိုသော သဲမြေပြင်လမ်းအပေါ် ချော်မလဲအောင်ထိန်းလာရင်း သူတို့ကျည်းနီပင် အနား ရောက်လာသည်။

'ဖိုးထိန်နဲ့ ငဝက်'

'ဟုတ်တယ်။ ဖိုးထိန်ဆိုတဲ့ကောင်ဗျာ့။ ဆရာတပည့်နှစ်ယောက်' အဖော်များက ပြောရင်း ကျော်အေး၏ မျက်နှာကို ကြည့်ကြ၏ ။ တကယ်တော့ တာတီးတို့အဖွဲ့က လာနေသော ဖိုးထိန်တို့နှင့် မသင့်မြတ်ကြ။ ဖိုးထိန်တို့က အတ္တသမား၊ လောဘသမား။ တစ်ဘို့တည်းသာ ကြည့်တတ်သူ။ ငါမှ ငါဟု မာန်ဝင့်နေသူတွေ။ ငတေမာရင်ပြီးရောဆိုသည့် အကောင်မျိုးတွေ။

တမြန်မနှစ်က တောလိုက်ရင်း မှိုကုန်းတွေ့ကြသည်။ စတင်တွေ့သူက တာတီးတို့ သောင်းစိန်တို့အဖွဲ့။ တွေ့ပြီဖြစ်သော မှိုကုန်းကို အပွင့်ပွင့်သောမှိုကိုသာ နုတ်ကြပြီး အငုံများကို နောက်ရက်တွေ့တဲ့သူ နုတ်ပါစေဟု ထားဖို့စီစဉ်၏ ။ ထိုစဉ် ဖိုးထိန်နှင့် ငဝက် ရောက်လာပြီး မှိုအငုံရော မြေထဲက မှိုသန္ဓေသားများကိုပါ

တူးယူသွားကြပြီးကတည်းက စကားများကြ၏ ။ ထိုစဉ်ကတည်းက မခေါ်ခဲ့ကြခြင်း။

ယခု ဖားကောက်ရာအရပ်ကို ဒီကောင် နှစ်ယောက် ရောက်လာပြီ။

'လာကြပါစေကွာ။ ပင်လယ်ရေ တစ်ယောက်တည်းသောက်လို့ ရတာ မှ မဟုတ်ဘဲ။ စားရင် အများပေါ့။ ဟုတ်ဘူးလား။ ကိုယ့်ဘက်ကသာ မမှားစေနဲ့နော်'

အဖွဲ့သားများ၏ မကျေနပ်ဖြစ်မှုကို သိသော ကျော်အေးက ကြိုတင်သတိပေးလိုက်သည်။

'ဟော့ကောင်တွေ မင်းတို့ထွက်သွားတာ သိတယ်ကွ။ အမီတော့ လိုက်တာပဲ'

ဝေက်က အရက်ခိုးဝေသော မျက်လုံးရဲရဲများနှင့်ကြည့်ရင်း မိတ်ဆက်သော စကားက နားဝများထဲတွင် ခါးသီးစွာ စီးဆင်းသွားချေပြီ။ ဝတ်ကျေတန်းကျေ ပြုံးရင်း တုံ့ပြန်လိုက်၏ ။ ကျော်အေးက ...

'ဖားကောက်လာကြတာလား'

'အင်း'

ဖိုးထိန်က ပြောရင်း မလှမ်းမကမ်းရှိ ကျည်းပင်ဆီသွားပြီး နားဖို့ပြင်ဆင်၏ ။ အထုပ်တွေ ချသည်။ ကျည်းပင်က တစ်ပင်နှင့် တစ်ပင် ဝါးသုံးပြန်သာ ဝေး၏ ။ စကားပြောလို့ရသည်။ နားစရာ ပြင်ဆင်ပြီး နှစ်ယောက်သား နားနေကြ၏ ။ နှုတ်ပိတ်နေဆဲ။ ဝေက်က အရက်ပုလင်းထုတ်သည်။ သောက်ကြသည်။

'ဝါသနာပါရင် လာကြလေ။ လုပ်လှည့်ကြပါလား'

ဖိုးထိန်က ခွက်ကို မြှောက်ပြရင်း ခေါ်သည်။ အားလုံး ခေါင်းခါပြသည်။ ထိုအခါ ညနေပိုင်း ရောက်ပြီ။ မိုးက ခပ်ဖွဲဖွဲရွာစ ပြုလာပြီ။ အိပ်တန်းဝင်ငှက်တို့ မြောက်မှတောင်အရပ်ကို ဝဲပျံနေကြပြီ။ ကျောက်စရစ်တောင်ကုန်းပေါ်မှာတော့

မိုးစက်များကြောင့် ဝေဝေဝါးဝါး။

'ကဲ … ပြင်ဆင်ကြဟေ့။ ပလိုင်းနဲ့ အိတ်တွေယူကြ'

'ဟုတ်ကဲ့'

'ဟေ့ကောင် သောင်းစိန် မြန်မြန်လုပ်။ မေ့နေဦးမယ်'

ပြင်ကြ ဆင်ကြရသည်က တပျော်တပါး။ တက်ညီလက်ညီ။ အဲ … ငဝက်တို့က သောက်ရင်း ကျော်အေးတို့အဖွဲ့၏ လှုပ်ရှားမှုများကို ကြည့်ရင်းရှိသည်။

'ဟိုကောင်တွေ သွားတော့မယ် ထင်တယ်ကွ'

'သွား သွားကွာ။ သူတို့နောက် လိုက်ရုံပေ့ါ'

'ဟုတ်တယ်။ လက်လျှိုစား လုပ်ကြရမှာပေ့ါဗျာ။ ဟဲ … ဟဲ … ဟဲ'

ငဝက်တို့ စကားတီးတိုးပြောနေသည်ကို ကျော်အေး ကြားပါသည်။ အဖွဲ့သားတွေ ကြားရင် မလွယ်။ ရန်ဖြစ်ကြ၊ ရိုက်ကြ၊ ပုတ်ကြမှာ စိုးရိမ်ရသည်။ တာတီးက သိပ်စိတ်မြန်တာ၊ စိတ်ဆတ်တာ။

'လာကြ၊ သွားမယ်ဟေ့။ မင်းတို့ မလိုက်သေးဘူးလား'

ကျော်အေးက အဖွဲ့သားများအားခေါ်ရင်း ဖိုးထိန်တို့ဆီကြည့်ကာ တာဝန်အရ ခေါ်သည်။ တဟဲဟဲရယ်ရင်း ခေါင်းခါပြသည့် ငဝက်တို့ကို မကြည့်ဖြစ်ကြတော့။ ကျောပေးရင်း တောင်တန်း၏ တောင်တန်းဆီကို လာခဲ့သည်။ မကြာ သဲသောင်ပြင် နုံးလတာပြင်ကို ဖြတ်ရင်း လာခဲ့ရာ တောင်ခြေကို ရောက်ခဲ့ပြီ။

× × ×

'တောပိုင်၊ တောင်ပိုင်၊ ဒေသပိုင်၊ ရေပိုင်၊ မြေပိုင် အရှင်သခင်များ၊ အစောင့်အရှောက် များအား ပူဇော်ကန်တော့ပါသည်။ ကျွန်ုပ်တို့သည် ယနေ့မှစ၍ လိုအပ်သည့် ရက်အပိုင်းအခြား အထိ ဤတော၊ ဤချောင်း၊ ဤအရပ်ကို အမှီပြု၍

ဝမ်းရေးအတွက် လုပ်ငန်းလုပ်ကိုင်ပါမည်။ သို့ပါ၍ ခွင့်လွှတ်ပေးပါရန်နှင့် ကျွန်ုပ်တို့ တောင့်တသော ဖားမျိုး တရဟောချပေးပါရန် တောင်းဆို အပ်ပါသည်'

တောတန်းခြေအရောက် ကျော်အေးက အရန်သင့်ယူလာသော လက်ဖက်တစ်ပွဲ၊ ဆွမ်းနှင့် ရေချမ်းတင်ပြီး မတ်တတ်ရပ်ကာ ဦးချတောင်းပန်လိုက်သည်။ အားလုံး တောင်ပေါ်အရပ်ကို မျက်နှာမူထားရင်း ဦးညွှတ်လိုက်ကြ၏ ။

တောင်းဆိုမှုဆိုတာ သူတို့လို အကုသိုလ်အလုပ်သမား (တောလိုက်သမား) တွေအတွက် မဖြစ်မနေ ရှိကြရမည်။ ဘယ်အရပ်၊ ဘယ်ဒေသမဆို သူတို့ဓလေ့ သဘာဝ အရ အစောင့်အရှောက် ဆိုတာ ရှိသည်။ ရိုသေမှု၊ လေးစားမှုဆို ရှိရမည်။ တောင်းပန်မှုနှင့် တောင်းဆိုမှုအပြီး တောင်ပေါ်မှ ဆင်ခြေလျှောအတိုင်း စီးဆင်းလာသည့် ရေမြောင်းလေးဘေးရှိ ခံချုံအနီး ရပ်နေမိ၏ ။

တောင်မျက်နှာတစ်ပြင်လုံး မိုးရေတို့ကြောင့် စိုစိုရွှဲရွှဲ။ ချုံပုတ်များ၊ အခြားပင်များ စိုစိုလန်းလန်း။ မညီညာသော ကျောက်သားကျောက်စိုင်အချို့ကို ခပ်ငေါငေါ မြင်နေရသည်။ တောင်ခြေသာ ခပ်ရှင်းရှင်းရှိနေပေမယ့် တောင်တက်ကြည့်လေ အပင်ချုံများနှင့် နက်ရှိုင်းလေ။ တောနက်လေ။

ထိုအချိန် ဖားလေးများ၏ အသံကို ခပ်ရေးရေး ကြားနေရပြီ။

နေဝင်ချိန်ရောက်ပြီ။ မကြာပါ မိုးတို့ တရဟော ရွာချပြီ။ တောတန်းအတိုင်း တိုးစီးလာသော ရေတို့သည် ချောင်းထဲကို အငမ်းမရ ဝင်နေပြီ။ ချောင်းရေပြင်သည် လှုပ်ရှားမှုနှင့် အပြည့်။

'ဟော ... ဟိုမှာ'

အေးမောင်က လက်ညှိုးညွှန်ပြသည်။ ညွှန်ပြရာကို အကြည့် ဖားလေးများသည် အုပ်စုဖွဲ့ကာ ခုန်ဆွခုန်ဆွနှင့် တောင်တန်းကြောအတိုင်း

ပြေးဆင်းလာသည်။

'ကောက်ကြဟေ့'

အားလုံး အပြေးကောက်၊ အမြန်ထည့်။ မကြာပါ။ ပလိုင်းပြည့်။ ပလိုင်းပြည့်တော့ အိတ်တွေထဲထည့်။ တစ်လုံး၊ နှစ်လုံး၊ အိတ်သုံးလုံး ပြည့်ပြီ။

'ကဲ … မင်းတို့နှစ်ယောက်ပြန်၊ လက်နှိပ်မီးပါတယ် မဟုတ်လား'

အေးမောင်နှင့် တာတီးက ဖြေသည်။ ဖြေရင်း ဖားအိတ်များကို ခေါင်းပေါ်ဆင့် ရွက်ကြ၏။ သူတို့နှစ်ဦးကို အထပ်ထပ်မှာကြား၊ ရောင်းဈေးပြော၊ စာရင်းမှတ်ဖို့ မှာလိုက်ရသည်။ ထိုအချိန် ဖိုးထိန်နှင့် ဝေက် ရောက်လာ၏။ လူတွေက ယိုင်ထိုးထိုးနှင့် မူးနေကြပြီ။

မူးနေပြီဆိုသောအခါ တောင်စောင်းမှ ထိုးဆင်းလာသော ဖားများကို ကောင်းစွာ မကောက်နိုင်။ ကျော်အေးတို့က ဘာမျှမပြော။ တောင်းထဲထည့်၊ အိတ်ထဲထည့်နှင့် အလုပ်ရှုပ်နေ၍ ဝေက်တို့ ပြုမူပုံကို သတိမထားမိကြ။

မကြာပါ။ အိတ်တွေ ပြည့်သွားပြီ။

'ကံကောင်းတယ်လို့ ဆိုရမယ်ဟေ့။ တောပိုင် တောင်ပိုင်တွေက ငါတို့အဖွဲ့ကို သနားပုံ ရတယ်။ အိတ်ပြည့်ပြီကွ။ ဒီလိုလုပ်။ မင်းတို့နှစ်ယောက်ထဲက အိတ်တွေသယ်ပြီး ပြန်မလား၊ ငါ ပြန်ရမလား'

'ကျုပ်တို့ ပြန်မယ်ဗျာ။ ကိုကျော်အေး ဒီမှာပဲ စောင့်နေပါ'

သောင်းစိန်က ပြောသည်။ ပြောရင်းနှင့် သောင်းစိန်နှင့် ပေါက်စတို့နှစ်ဦး ဖားအိတ်ထမ်းကာ ပြန်သွားကြပြီ။ သည်လမ်းနှင့် သည်ခရီးက ကျွမ်းကျင်ပြီးသားဆိုတော့ ပူပင်စရာမလို။ ကျန်သည့် လက်နှိပ်မီးတစ်လက် ယူသွားခိုင်း၏။ သူတို့ထွက်သွားမှ ကျော်အေးတစ်ယောက် ကျည်းနီပင်ဆီ ပြန်ခဲ့သည်။ ဟိုကောင်တွေ ပြန်လာရင်စားဖို့ ထမင်းဟင်းချက်သည်။ ဟင်းကတော့

ဖားသားဟင်း။ အချိုချက်ထားသလို ကြော်ထားလိုက်သေးသည်။ ရေနွေးမကျိုတော့။

တာတီးတို့အဖွဲ့ သုတ်ခြေတင်ရင်းလာခဲ့သည်။ သွားလာနေကျခရီးမို့ အားလုံး စိတ်စောစရာ၊ ကြောက်စရာမလိုကြ။ တာတီးတို့အဖွဲ့ရောက်ပြီး ပေါက်စတို့ ရောက်သွားသည်။ ဖားအိတ်တွေ အပ်၊ ရောင်းဈေးပြော။ ပြီး အဖွဲ့လိုက် ပြန်ခဲ့သည်က ရိုးပြတ်ချောင်းဖျား။

× × ×

'ဒီကနေ့တော့ နေမဝင်ခင် ဖားကျလိမ့်မယ် ထင်တယ်'

ကျော်အေးက ထင်ကြေးပေး၏။ တာတီးက ...

'ဘာပြုလို့လဲဟင်'

'စောစောက တောင်ခြေကို ငါရောက်သွားတော့ ဖားတွေရဲ့အော်သံ ကြားရတယ်ကွ။ ဒါ ဆင်းတော့ ကျတော့မယ့် အသံမျိုးပဲ'

'မြင်မြင်ထင်ထင်ကျရင် သိပ်ကောင်းတာပေါ့ဗျာ။ ကောက်ရတာ လည်း လွယ်၊ ရွာပြန်ပို့ရ တာလည်း ကောင်း၊ ရောင်းချိန်လည်း ရတာ ပေါ့'

ပေါက်စက ဖြစ်ချင်သော ဆန္ဒကို ရင်ဖွင့်ပြ၏။

'ဒီချောင်းဖျားက နတ်ကြမ်းတယ်။ မြေကြမ်းတယ်ဆိုရင် မင်းတို့ ယုံမလား'

ကျော်အေး အမေးကြောင့် အားလုံး မျက်လုံးပြူးသွားသည်။

'မင်းတို့ ဖားအိတ်ပြန်ပို့အပြီး စားဖို့သောက်ဖို့ ချက်ပြုတ်ဖို့ ကျည်းနီပင်ဆီပြန်တော့ ဟိုနှစ်ကောင် ကျန်ရစ်တယ်။ အဲ ... ကိုယ်လည်း တောင်စောင်းက ပြန်ခဲ့ရော။ ဖားသံတိတ်သွားပြီး ဖားမကျတော့ဘူးလေ။ ဒီကောင်တွေ တစ်အိတ်တောင် မပြည့်ဘူး'

'ဟင် ... ဟုတ်လား'

'ဟုတ်တယ်ကွ။ ဒါ အရိုအသေမရှိတာရယ်၊ ဒီကောင်တွေရဲ့ စိတ်ထဲက လောဘအပူငွေ့ကို သိတာရယ်ကြောင့်ပေါ့။ မှတ်ထား ငါတို့မှာ စည်းကမ်းထားကြ။ လောဘသတ်ကြ။ ဆိုလိုတာက ဆာလာအိတ်နှစ်လုံးပါလို့ ပြည့်ရင် တော်။ ဆက်မကောက်နဲ့။ ဆက်ကောက်ရင် လောဘကြီးတယ် ဆိုတာ အစောင့်အရှောက်က သိတယ်။ ဖား မကျတော့ဘူးပေါ့ကွ'

'ဟုတ်တယ်နော်'

ပေါက်စက ဝင်ဖြေသည်။

'ဒီနေ့ ငါးယောက်လာတာ ငါးအိတ်ရရင် တော်ပြီ ဟုတ်လား'

ကျော်အေးစကားအဆုံး ခေါင်းညိတ်ပြသည်။

'ဟာ ... ဟိုမှာ ကိုကျော်အေး။ ဖိုးထိန်ဆိုတဲ့အကောင် ဘာလုပ်နေတာလဲ'

အေးမောင်ပြရာကို ကြည့်မိကြ၏ ။ ကြည့်စမ်း ဖိုးထိန်နှင့် ဝေက်တို့ အရက်ပုလင်း ဘေးမှာချ ဖားသားရင်ခွဲ မီးကင်မြည်းရင်း အလုပ်ရှုပ်နေသည်။

'ဟင် ... ပိုက် ပိုက်။ ဟာ ... ဒီကောင်တွေ ငါးဖမ်းပိုက် ကွက်စိပ်တောင် ပါတာကိုး'

မှန်ပါသည်။ ဝေက်နှင့် ဖိုးထိန်တို့ အရက်သောက်ရင်း ပိုက်ကို ပြုပြင်နေကြသည်။ အဖာအထေးတွေကို စစ်။ ဘေးကြိုးတွေကို ခိုင် မခိုင် ကြည့်နေသည်။

'ဒီကောင်တွေ ပိုက်ယူလာပုံထောက်ရင် ဖားကျတာကို ပိုက်နဲ့ခံမယ့်သဘောပဲ'

သောင်းစိန်က မှတ်ချက်ပြုသည်။

'ဟုတ်တယ်။ ဒီကောင်တွေလုပ်ပုံက ငါတို့ ငတ်ပေါက်ကို ထွင်နေတာပဲ'

'ဗျာ ... ဘာပြုလို့လဲ'

'နောက်မှ ငါရှင်းပြမယ်'

ကျော်အေး မနေသာတော့။ ဝေက်တို့ စတည်းချရာဆီ လာသည်။ အကျိုးအကြောင်း မေးသည်။ ဝေက်က ...

'ဟုတ်တယ်။ လက်နဲ့ ကောက်ရတာ သိပ်ပြီး အားမရဘူး။ ဒီတော့ တောင်စောင်းမှာ ပိုက်တန်းမယ်။ ပိုက်နဲ့ သဲ့ယူခံမယ်'

ဝေက်အပြောကို ဖိုးထိန်က ထောက်ခံသည်။ တကယ်ပဲ လုပ်တော့မည့်အတွက် ကျော်အေး ဒေါပွသွားသည်။

'မင်းတို့ လောဘသိပ်မကြီးနဲ့ ဝေက်။ ဒါ မလုပ်သင့်တဲ့ အလုပ်ကွ'

'နေပါဦး။ ဒါ ခင်ဗျားတစ်ဦးတည်း ပိုင်တဲ့ဖားလား။ တောင်လားဗျ။ အများပိုင်ဖား၊ အများပိုင်တောင်၊ အများပိုင်ချောင်းဗျ။ ဘာလဲ၊ ကိုယ့်ထက်သာ မနာလိုတာလား ဟင်'

ဖိုးထိန်က ယစ်ရွှေရည်တန်ခိုးနှင့် ရန်စကား ဆိုလာပြီ။

ဒေါသကို ထိန်းရင်း တုံ့ပြန်ရပြီ။ နားလည်အောင် ရှင်းပြရပြီ။

'တောင်ကျဖားကို ငါလည်း မပိုင်ဘူး။ ဘယ်သူမှ မပိုင်ဘူး။ အားလုံးပိုင်တယ်။ ဒါပေမယ့် လိုတာထက်ပိုပြီးလုပ်ရင် ဘာဖြစ်မယ် မင်းထင်သလဲ'

'ထင်လည်း မထင်ဘူး။ မြင်လည်း မမြင်ဘူး။ ကျုပ်သိတာက ဖားတွေ ပိုက်အပြည့် ဆင်းဖို့ပဲ။ ဟင်း ... အလကားနေရင်း အူတိုနေတယ်'

'အူတိုတာ မနာလိုတာ မဟုတ်ဘူး ဖိုးထိန်။ အများအတွက်ပြောတာ။ အေး ... မင်းမယုံရင် ပိုက်တန်းကြည့်။ ဘာဖြစ်မလဲဆိုတာ'

'ဟုတ်တယ် ဖိုးထိန်။ တစ်ခါက မှိုကုန်းတွေ့တော့ မင်းတို့က မှိုသန္ဓေသားတွေပါ ယူကြလို့ မှိုမျိုးတုံးသွားတာလေ။ မှတ်မိလး။ ဒါမထားသင့်တဲ့ လောဘကြောင့်ဖြစ်ရတာ '

ပေါက်စက ဝင်ထောက်ပေးသည်။

'အပိုတွေ လာမပြောနဲ့ကွာ။ နားရှုပ်တယ်'

ကျော်အေးမနေသာပြီ။ မပြောမပြီးဆိုသလို ပြောရတော့မည်။

'နားထောင် ဖိုးထိန်။ တစ်ချိန်က ... '

× × ×

'ဟား ... ဟား ... ဟား'

'ဟဲ ... ဟဲ ... ဟဲ'

ကျော်အေးပြောပြချက်အဆုံး တဟားဟားရယ်သံများနှင့် လှောင်ရယ်ပြုံးမျက်နှာများကို ဖိုးထိန်တို့ထံမှ တွေ့ရသည်။ မယုံဘူးဟူသော မျက်နှာပေးက ကျော်အေး၏ အသိကို ဒေါသအသွင် ပြောင်းစေ၏ ။

'မင်း စမ်းချင်ရင် စမ်းလေ။ မင်းအဖေလို ဖြစ်မှာပဲ'

'မယုံဘူးဗျာ'

ခါးသီးစွာ ငြင်းဆန်မှုတွေကြောင့် ကျော်အေးအပါအဝင် သူတို့အဖွဲ့ အံ့အားတသင့်နှင့် ဖြစ်နေရသည်။ ကိုကျော်အေးပြောသလို ဖြစ်ခဲ့ရင် ...

သူတို့ မတွေးရဲတော့။ တကယ်တော့ ဖိုးထိန်၏ အဘ (အမေ၏ အဖေ) အမည်က ကိုနက်ချိတ်။ ကိုနက်ချိတ်က တောလိုက်သမား။ ဖားငါးရှာ၊ တောကောင်ရှာနှင့် လုံးလည်ရိုက် နေသူ။ ဝါသနာပါတာကလည်း အနှီအလုပ်မျိုး။

အဲ ... တစ်ရက် ကိုနက်ချိတ်တစ်ယောက် ရိုးပြတ်ချောင်းဖျား

ဤနေရာတွင် ဖားကောက် လာခဲ့သည်။ သူတစ်ဦးတည်းမဟုတ်။ အဖော် အောင်မောင်းနှင့်။ ထိုရက်က မိုးက ကောင်း၊ ဖားက ကျ။ ချောင်းဖျား ဤနေရာအရောက် မူးမူးနှင့် ဖားကောက်သည်။ အရိုအသေမပြု၊ တောင်းပန်ခြင်း မရှိ။ အရက်မူးထားသည်ဆိုတော့ အပေါ့အလေး စွန့်တာအထိ မဆင်ခြင်။ အိတ်ပြည့်လာပြီ။ ကိုနက်ချိတ် အားမရလှဲ့။ ထိုအချိန်အထိ ဘာမျှ မဖြစ်သေး။

အဲ ... နောက်ရက် တောင်စောင်းက ဖားကျသည်ကို ပိုက်နှင့်ခံဖို့ ပြင်ဆင်သည်။

'တောက်'

ထိုအချိန် တောင်စောင်းဆီက တောက်ခေါက်သံ ဩဩကြီးကို ကြားရ၏ ။

အနံ့ကလည်း ပုပ်အဲ့အဲ့အနံ့။ လူသေကောင်ပုပ်အနံ့မျိုး။ တောက်ခေါက်သံ သုံးကြိမ် ကြားရ သည်။ အယုံအကြည်မရှိ။ ပမာမခန့် ပြောရင်း ပိုက်နှင့် ဖားကို တားသည်။ ထိုအချိန် ...

'အင်း ... မင်းတို့ ဒီလောက် လောဘကြီးတာ ပိုက်နဲ့ခံတဲ့ကောင်သေမှ ဖားချပေးတော့မယ်။ ဒါပဲ'

အသံက ထင်ထင်ရှားရှား။ ကိုနက်ချိတ်ရော အောင်မောင်းပါ နားနှင့်ဆတ်ဆတ် ကြားရသည်။ ပိုက်ထဲမှာ ဖားအပြည့်ဆင်းနေပြီ။ ဆွဲပါ ကူပါနှင့် ပိုက်ကို နှစ်ဦးသား မ နေချိန်။ နောက်လိုက် အောင်မောင်း တောင်စောင်းပေါ်က အရိပ်မည်းကြီးကို မြင်လိုက်ရသည်။ အရုပ် ဆိုးဆိုး၊ လျှာအရှည်၊ မျက်လုံး လင်းကွင်းခန့်၊ ပါးစပ်ကြီးက ပြဲလို့၊ လက်သည်းတွေက တစ်တောင်ခန့်။

ထို နာနာဘာဝကြီးကို မြင်ရသော အောင်မောင်း၊ ရွာဆီ တန်းပြေးခဲ့၏ ။ ကိုနက်ချိတ်ပင် မစောင့်။ ထိုအခါ နက်ချိတ်တစ်ဦးတည်း ပိုက်ကို ဆွဲသည်။ ပိုက်က ပါလာသည်။ သဲသောင်ပြင် အရောက် ဖားတွေမရှိတော့။ တွေ့လိုက်ရသည်က

အဆိပ်ပြင်းပြင်း မြွေပွေးတွေ။

ကိုနက်ချိတ် ကြောက်လာပြီ။ ရွာကို တန်းပြေးခဲ့၏ ။ အစောင့်ပြောခဲ့သလို ထိုနှစ်မှစကာ ဖားမကျတော့။ ဘယ်သူမျှ ကောက်မရမတော့။ ရပြန်တော့လည်း တစ်ကောင် နှစ်ကောင်သာ။

အဲ ... ကိုနက်ချိတ် မသေမချင်း ဖားမကျသော၊ မာယာများသည့် ရိုးပြတ်ချောင်းဖျားသည် ဆိတ်ငြိမ်စ ပြုခဲ့သည်။ မိုးတွင်း ဖားကျချိန်ဆိုလျှင် ငံ့တလင့်လင့်သာ ပြန်ခဲ့ရသူချည်း။ ထူးဆန်းသည့်ဖြစ်ရပ်။ လောဘတရားကြောင့်။

အဲ ... အဲ ... ကိုနက်ချိတ်တစ်ယောက် ငါးနှစ်အကြာတွင် ပိုးထိ သေးပြီး နောက်နှစ်တွင် ဖားတွေ တရဟောကျပေးခဲ့ပြီ။ ချောင်းဖျား၏ မာယာကို ကိုနက်ချိတ် ယုံကြည် မသွားရတော့။ တမလွန်ဘဝက မြင်တွေ့ခဲ့ရင်တော့ အကောင်းသား။ ဖားကျပြီဆိုသောအခါ ဖားကောက်သူတွေ ချောင်းဖျားမှာ အပြည့်။

ဟော ... ယခု ကိုနက်ချိတ်၏ မြေး ဖိုးထိန်က သို့ကလို ပြုမူခြင်းနှင့် ပြုတော့မည်။ သူ့အဘ အကြောင်းကို ပြောပြခဲ့တာ မယုံဘူးတဲ့။

'ဒါ ပုံပြင်မဟုတ်ဘူး ဖိုးထိန်။ မင်းအဘရဲ့ တကယ့်အဖြစ်ကွ။ ပိုက်နဲ့ခံတဲ့ မင်းအဘ မသေမချင်း ဖားကျမပေးတော့ဘူးလေကွာ။ မင်းသိအောင် တားမြစ်ပေး၊ ပြောပေးတာပါ။ အင်းလေ။ လောဘမသတ်နိုင်ရင်လည်း မင်းသဘောပဲ'

အားလုံး ပြန်ခဲ့ကြချေပြီ။

နေ့လယ်ပိုင်း စားသောက်ပြီး မိုးက ရွာလသည်။ သည်တော့ ဆာလာအိတ်တစ်လုံးစီ ယူခဲ့ပြီး၊ တောင်စောင်းဆီ လာခဲ့ကြသည်။ မကြာပါ။ ဖားများသည် အသံစုံပြုရင်း ခုန်ဆင်းလာပြီ။ ကျော်အေးက တောင်ပိုင်းကို တောင်းဆိုပြီးပြီ။

'ဟား ... မနေ့ကထက် ပိုကျပါလား'

ပြောရင်း ကောက်ကြသည်။ မကြာပါ။ အိတ်ပြည့်ပြီး ပြန်ပို့သူ ပို့၊ ကောက်သူ ကောက်။

သူတို့အဖွဲ့ ကောက်နေဆဲတွင် ဖိုးထိန်နှင့် ဝေက်တို့ ပိုက်တန်းနေပြီ။ ဖားတွေက အရင် ရက်ကလို အုပ်စုဖွဲ့ဆင်းလာသည်မဟုတ်။ အစိုင်အခဲနှင့် ပြုံပြီး အလုံးအခဲကြီးအသွင်ဖြင့် တစ်ကောင်နှင့် တစ်ကောင်ချိတ်ဆက်ရင်း ဆင်းလာသည့်အသွင်။ အသာထိုင်ပြီး ကောက်ထည့်ရုံသာ။ ပြေးပြေးလွှားလွှား မရှိကြရ။

'ဟင် ... ဘာနဲ့ကြီးလဲ ကိုကျော်အေး'

ဖားကောင်ရင်း ပေါက်စက နှာခေါင်းပွစိပွစိလုပ်၊ မျက်ကလူးဆန်ပျာနှင့် ပြောလာသည်။ မှန်သည်။ အပုပ်နံ့၊ တကယ့်အပုပ်နံ့။

'ကောက်သာ ကောက်ပါကွာ။ လာမယ့်နှစ် ဖားကျတော့မှာ မဟုတ်ဘူးဟ။ အေး ... ဟိုနှစ်ကောင် မသေမချင်းပေါ့'

ဖားများ အလုံးအခဲလိုက် ကျနေသည်ကို ပိုက်နှင့်တားခံရင်း ရယ်မောနေသည့် ဖိုးထိန်နှင့် ဝေက်ကိုကြည့်ရင်း ပြောသည်။

'ဒီကောင်တွေ တကယ်သေမှာလား'

တာတီးက မေးသည်။ ခေါင်းညိတ်ပြရင်း နှုတ်ဖြင့် ဖြေသူက ကျော်အေး။

'စောင့်ကြည့်ပေါ့ကွာ'

× × ×

စောင့်ကြည့်စရာ မလိုပါ။ တကယ်လည်း လက်တွေ့တွင် ဖားကျရပ်သွားချေပြီ။ ကျော်အေးတို့ ပြန်ခဲ့ကြ၏ ။ နောက်နှစ် ဖားသံပင် မကြားရ။ တောင်မာယာ၊ တောင်လျှို့ဝှက်ချက်၊ တောတောင်၏ အစောင့်အရှောက်နှင့်

လောဘတရားကို မုန်းတီးသော အစောင့်များ၏ သဘော ကြောင့်ထင့်။ ဖားကျ မပေးပြီ။

နှစ်နှစ်၊ သုံးနှစ်၊ ငါးနှစ်။

ထိုအချိန် ဖိုးထိန်နှင့် ငဝက်တို့ ငါးနှစ်အကြာ ဖားကျမည်အထင်နှင့် ချောင်းဖျားလာရင်း အရက်အတူ သောက်ခဲ့၏ ။ အချင်းချင်းစကားများရာက ဓားချင်းအပြိုင် ယှဉ်ခုတ်ကာ နှစ်ဦးစလုံး သေပွဲဝင်ခဲ့သည်။

သူတို့သေအပြီး ဖားတွေ ကျခဲ့ပြီ။ တောင်မာယာကို သူတို့ မသိကြပြီ။ လောဘနှင့် ဖားကို ပိုက်တန်းခံလျှင် ပိုက်ခံသူ မသေမချင်း ဖားမကျဟုဆိုသောစကား သိပ်မှန်ခဲ့ပြီ။ ပုံပြင်မဟုတ်။

အဲ ... ကျော်အေးတစ်ယောက်ကတော့ တောလိုက်ခြင်းအလုပ်ကို စွန့်ခဲ့ပြီ။ ဘုန်းကြီးကျောင်းမှာ ကပ္ပိယလုပ်ရင်း နောင်သံသရာအတွက် တရားရှာခဲ့ပြီ။ ရိုးမချောင်းဖျား မာယာများသည်ကို တွေးမိတိုင်း နောင်တရဆဲ။



# တိုက်ပွဲ

မနက်ခင်း။ လင်းအရုဏ်မလာသေးသောကြောင့် အမှောင်ထုက ဝါးမြိုထားသော်လည်း ကုန်းကြီးတစ်ရွာလုံး သက်ဝင်လှုပ်ရှားနေကြပြီ ဖြစ်သည်။

အချို့က နွားကျွေးသူ ကျွေး၊ ကျွဲတွေကျွေးသူ ကျွေး၊ အချို့က ထွန်နှင့်ထယ် ပြင်သူ ပြင်နှင့်။ အချို့ အမျိုးသမီးတို့က အမှိုက်လှဲကျင်းသူ လှဲကျင်း၊ ထမင်းဟင်းချက်သူ ချက်။

ထိုအချိန် ရေနံဆီမီးခွက်ရောင်လေးများက အိမ်တိုင်းမှာ မရဲတရဲ လင်းလက်နေချေပြီ။

ထိုအချိန်တွင် ကိုတောမောင်တစ်ယောက် အဖန်ရည်အိုးတစ်လုံးပင် ကုန်ခဲ့ပြီ။ ဇနီးဖြစ်သူ မတင်စိန် ကြော်ပေးခဲ့သည့် ဆီပါသည်ဆိုရုံသာ ကြော်ထားသော ထမင်းကြော်တစ်ဇလုံပင် ကုန်ခါနီး ခဲ့ပြီ။

အဖန်ရည်ကြိုက်သူမို့ အဖန်ရည်သောက်လိုက် ထမင်းကြော်စားလိုက်နှင့် ကနေ့ တောထွက်ရမည့် အစီအစဉ်များကို ခေါင်းထဲထည့်ရင်း ကျောချမ်းနေမိသည်။ စိတ်ညစ်နေမိသည်။

ပြီးတော့ စိတ်ထဲမှာလည်း မကျေနပ်သလိုမျိုးနှင့် ...။

ကိုတောမောင် တွေးနေဆဲအချိန်၊ ဇနီးဖြစ်သူက တဗွက်ဗွက်ဆူနေသည့် မြေကရားအိုးကို ယူလာပြီး အိမ်ရှေ့ရှိ စဉ့်ရေနွေးအိုးထဲသို့ ရေနွေးဖြည့်ပေးနေသည်။

'ကိုအေးငွေက ဘာပြောသေးလဲဟင်။ တောလိုက်ဖို့လေ။ အင်း ... ကျုပ်တော့ ရှင်တို့ နှစ်ယောက် အဆင်မပြေဖြစ်တာ သိပ်စိတ်မကောင်းဘူး။ ပြန်ပြီး အဆင်ပြေအောင် နေကြပါတော်။ တော်ကြာ အမှိုက်ကစ ပြာသာဒ်မီးလောင် ဖြစ်နေပါဦးမယ်'

ရေနွေးဖြည့်အပြီး ပြောလာသည့် ဇနီးဖြစ်သူ၏ စကားကြောင့်

မသိမသာ သက်ပြင်းချသည်။ ဇနီးဖြစ်သူ ပြောသလို အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်လျှင် မလွယ်။

ကိုတောမောင်ကလည်း စိတ်တိုတတ်သလို အေးငွေကလည်း တဇွတ်ထိုးသမား။ လူပုစိတ်တို ငွေပူရန်လို သဘောမျိုးတွေချည်း။

ပြီးတော့ အလုပ်က အတူတူ။ တောလိုက်အလုပ်နှင့် သက်မွေးပညာ ပိုင်ဆိုင်ထားသူ တွေချည်း။ ရွာထဲရပ်ထဲ ရှောင်နိုင်ကြပေမယ့် တောထဲမှာတော့ ရှောင်မရ။ ရေခပ်မကြုံ ထင်းခွေကြုံ ရမည်က အမှန်။

တကယ်တော့ သနပ်အိုတောနှင့် သနပ်အိုတောင်ကုန်းကို အမှီသဟဲပြုပြီး တောကောင်ရှာ၊ ဝမ်းမီးကို ငြိမ်းနေကြရသူတွေ မဟုတ်လား။

'အင်း ငါကတော့ ခေါ်လည်းခေါ်တယ်။ ရှောင်လည်း ရှောင်ပါတယ်ဟာ။ တွေ့လာလို့ ရန်ပြုလာရင်တော့ ... '

'အဲဒီ တုံ့ပြန်ချင်တဲ့ဒေါသကြောင့် ကျုပ်စိတ်ပူတာ'

ဇနီးဖြစ်သူက ကရားအိုးကို မြေပြင်မှာချပြီး ကိုတောမောင်အနီး ဝင်ထိုင်သည်။ စိုးရိမ်စိတ် လွှမ်းကဲနေသည့် ဇနီး၏ မျက်နှာပြင်ထက်မှ သောကအပူရိပ်များကို မီးခွက်၏ မီးရောင်အောက်တွင် မြင်ရသည်က ထင်ထင်ရှားရှား။

ဇနီးဖြစ်သူ၏ သောကစိတ်ကို ရိပ်စားမိသည့် ကိုတောမောင်အနေနှင့် ဇနီးဖြစ်သူကို နောက်ထပ်ဒုက္ခမပေးလိုတော့။ စိတ်လည်း မဆင်းရဲစေလိုတော့။

ဇနီးဖြစ်သူပြောသလို အေးချမ်းတာ အကောင်းဆုံး။ အလုပ်တူရန်သူ သဘောမျိုးမထားဘဲ ခေါ်ခေါ်ပြောပြောနေကြတာ အကောင်းဆုံး။

'အင်းပါဟာ ... ဖြစ်ခဲ့တာလည်း ငါမှားပါတယ်ဆိုပြီး ပြန်ခေါ်ပါ့မယ်။ ကဲ ... နင်လုပ်စရာ ရှိတာ လုပ်တော့'

'ဒီလိုပြောလို့ လောကကိုရော လူတွေကိုပါ အားငယ်စိတ်နဲ့ သိမ်ငယ်စိတ်တွေဖြစ်အောင်၊ လူလူချင်း အရှုံးပေးစိတ်ဝင်အောင် ပြောတာမဟုတ်ဘူးနော် ကိုတောမောင်။ အရှုံးပေးရင် နှလုံးအေးဆိုတဲ့ သဘောနဲ့ပါ။ မေတ္တာနဲ့သာ အနိုင်ယူစေချင်တဲ့ သဘောပါ'

ဇနီးဖြစ်သူစကားကြောင့် ပြုံးမိသူက ကိုတောမောင်ပင် ဖြစ်သည်။

'အမယ်လေး ... နားလည်ပါတယ် မိန်းမရာ။ သိမ်ငယ်တယ်ပဲ ပြောပြော၊ ကြောက်တယ်ပဲ ဆိုဆို၊ ကျုပ်အထင်ခံပ့ါမယ်။ ဟဲ ... ဟဲ ... ဟဲ ... ဟဲ'

သည်တော့မှ ဇနီးဖြစ်သူ ပြုံးနိုင်သည်။ ဇနီး၏ အပြုံးက ခပ်ယဲ့ယဲ့။ ဇနီးဖြစ်သူ အနီးက ထွက်သွားသည်။ သုံးပင်အိမ်လေး၏ အနောက်ဘေးကို အဖီချ၊ ထန်းရွက်မိုး ထန်းရွက်ကာပြီး မီးဖိုချောင်အဖြစ် အသုံးပြုထားသည့်အတွင်း ဝင်သွားပြီး ဟင်းချက်နေရှာသည်။

ကိုတောမောင်တစ်ယောက် သူ့အတွေးနှင့်သူငေးရင်း အဖန်ရည်နှင့် ဇိမ်ယူနေဆဲ။ ကလေး နှစ်ယောက်မှာ တခူးခူးအသံပြုကာ အိပ်စက်နေသည်။ ဝန်းကျင်သည် အမှောင်ထုကိုပါ ပါးလွှာသွားအောင် အလင်းရောင်ဖျော့ဖျော့က နေရာယူလာပြီမို့ အမှောင်နှင့် အလင်း အားပြိုင် နေသည်။

ကြက်တွန်သံ၊ တောထွက်သည့်အသံ၊ နွားငေါက်သံ၊ ကျွဲငေါက်သံနှင့် စကားပြောသံများက အပြိုင်။

စောစောကထက် သက်ဝင်လှုပ်ရှားလာသည်မို့ ကိုတောမောင်တစ်ယောက် ထမင်းဇလုံကို အပြီးသတ်သည်။ ရေဆေးအပြီး တောထွက်ဖို့ပြင်ဆင်သည်။ ဝါးဖတ်ခမောက်ကို ဆောင်း၊ လေးခွ တစ်လက်၊ လောက်စာလုံးထည့်သည့် ဖျင်လွယ်အိတ်ကို လွယ်လိုက်သည်။ ပြီးတော့ ကွမ်းကြိုက်သူမို့ ညဦးပိုင်းက ဇနီးဖြစ်သူ ပြင်ပေးထားသည့် ကွမ်းထုပ်ကို အိတ်ထဲထည့်သည်။

ခက်ရင်းတစ်ချောင်း၊ ပေါက်ပြားတစ်လက်နှင့် တောခုတ်ဓားရှည် တစ်ချောင်းကိုပါ အရန်သင့်ဖြစ်အောင် အိမ်ရှေ့ချထားသည်။

'ကျုပ်ပြောသလို တောထဲမှာ ကိုအေးငွေနဲ့တွေ့ရင် ခေါ်ခေါ်ပြောပြော နေပါနော်။ ကိုအေးငွေက သားအဖနှစ်ယောက်လာတာဆိုတော့ တော်ခံရမှာ သိပ်စိုးရိမ်တာ သိလား'

စကားကြောင့် မချင့်မရဲ ပြုံးသည်။ 'ပူတတ်လိုက်တာ' ဟူသော အကြည့်နှင့် ကြည့်မိသည်။ အမှောင်ထုသည် လင်းအရဏ်၏ လင်းလက်မှုကို အရှုံးပေးသွားပြီ ထင်သည်။ လုံးဝ လင်းခဲ့ပြီ။ ရောင်နီသည် အရှေ့ဆီမှ ပျို့အန်လာခဲ့ပြီး နေ့သစ်တစ်ခု စခဲ့ပြီ။

'အင်းပါဟာ နင်ကလည်း၊ သူတို့က အရေးမလုပ်လည်း ငါက ခြေသလုံးဖက်ပြီး တောင်းပန်ဆို တောင်းပန်ပ့ါမယ်။ ကဲ ... ကျေနပ်ပြီလား။ ဪ ... တင်စိန် မနေ့က ကွက်ကင်နဲ့ ယုန်သားခြောက်တွေကို ဟိုဘက်ရွာသွားပြီး ရောင်းထားဦး။ ပြီးတော့ မြွေပွဲစားလုပ်နေတဲ့ ကျင်မောင့်ဆီဝင်ခဲ့။ ဒီကနေ့ မြွေပွေးရရ၊ လင်းမြွေပဲရရ လာပြီးရောင်းမယ်လို့လည်း ပြောလိုက်အုံး'

'စိတ်ချပါတော်'

'ကဲ ငါ သွားမယ်။ နင် စိတ်အေးအေးနေခဲ့'

မတင်စိန် ခေါင်းညိတ်ရင်း ကျန်ရစ်သည်။ ယူစရာရှိသည့် ပစ္စည်းများကို တစ်ခုမကျန် ယူပြီး ထွက်ခဲ့သည်။

သက်ဝင်လှုပ်ရှားနေသည့် ကုန်းကြီးရွာအတွင်းမှ သွက်လက်သော ခြေလှမ်းတွေက သနပ်အိုတောနှင့် သနပ်အိုတောင်ကုန်းဆီသို့ ဦးတည်နေဆဲ။

ခြေလှမ်းတွေက မြန်နေသလို၊ စိတ်လွင်ပြင်ကလည်း ဟိုပြေး ဒီပြေး ...။

'အင်း - ကိုအေးငွေ၊ ကိုအေးငွေ'

× × ×

'ကိုအေးငွေ တောထွက်တော့မလား'

တောမောင်တစ်ယောက် အိမ်မှထွက်လာရင်းနှင့် လမ်းတွင် တွေ့လိုက်ရသည့် ကိုအေးငွေကို မေးလိုက်သည်။ မိမိက အပြုံးတစ်ဝက် မျက်နှာထားနှင့် မေးလိုက်သော်လည်း ခပ်တည်တည်နှင့် ဝတ်ကျေတန်းကျေ ပြန်ဖြေသူက ကိုအေးငွေ။

'စိတ်ကူးတုန်းပဲ'

ဖြေသာ ဖြေရသည်။ ကိုအေးငွေ၏ စကားသံနှင့် မျက်လုံးတွေက တောမောင်ကို မနာလို စိတ်တွေနှင့် ပြောနေ၊ ကြည့်နေမှန်း သိသာသည်။ ကိုအေးငွေ၏ အတွင်းစိတ်ကို ထိုးထွင်း ကြည့်လိုက်ရင်း တောမောင်က ပြုံးမဲ့ပြုံးကာ ပြောလာသည်။

'စိတ်ကူးဆဲပဲဆိုတော့ ဒီကနေ့ တောမထွက်ဘူးပေါ့'

'မင်းအရေး မပါ ပါဘူး။ ငါ ထွက်ချင်ထွက်မယ်။ မထွက်ချင် မထွက်ဘူး'

ကြာကြာရပ်စကားပြောနေလျှင် ကိုအေးငွေစကားတွေက ဒီထက်ပိုပြီး ရင့်သီးလာမည်မှန်း သိသည်။

ထို့ကြောင့် ဘာမျှ ဆက်မမေးတော့ဘဲ တောထဲထွက်ခဲ့သည်။ တောလည်နေကျ သနပ်အို တောထဲဝင်သည်။

ဖွတ်၊ ပုတတ်ကအစ တောကြွက်၊ မြွေအထိ ဖမ်းယူပစ်ခတ်ရင်း ဘဝဝမ်းမီးအတွက် ငြိမ်းအောင် အကုသိုလ်အလုပ်ကို လုပ်နေရပေမယ့် စိတ်က ကိုအေးငွေ အပြုအမူတွေကြောင့် ဒေါသတွေ ဖြစ်နေသည်။ အလုပ်ထဲ စိတ်မပါသလိုလို။

'ဒီလူ ဘယ်လိုလူလဲ၊ ဘယ်လို စိတ်ထားလဲ၊ အင်း ... ဒီလူက အလုပ်တူ

ရန်သူ သဘောထားတာပဲ။ ငါ့ဘဝ၊ ငါ့အလုပ်၊ ငါ အဆင်ပြေတဲ့အပေါ် မေတ္တာစိတ် မထားနိုင်တာဘဲ။ မုဒိတာ မပွားနိုင်တာဘဲ။ ဒီနေ့လည်းကြည့် အကောင်းမေးတာကို မဖြေချင်ဘူး၊ အရင်ရက်တွေ ကလည်း ဒီအတိုင်းပဲ။ တောမဆင်းဘူးဆိုပြီး တောထဲဆင်း၊ ငါ သတ်မှတ်ခဲ့တဲ့အကောင်ကိုလည်း ပစ်ခဲ့တယ်။ အင်းလေ ... ဘာပဲဖြစ်ဖြစ် ကိုယ်ကောင်း ခေါင်းမရှေ့ပါဘူး။ ဘယ်သူ မေတ္တာ ပျက်ပျက် ငါ မပျက်ပါဘူးလေ'

တွေးရင်းနှင့် ကိုအေးငွေနှင့်ပတ်သက်သည့် အကြောင်းများကို စဉ်းစားနေမိသည်။ တကယ်တော့ ကိုအေးငွေနှင့် တောမောင်တို့က တစ်ရွာတည်းသားတွေ။ သွားအတူ၊ လာအတူ၊ စားအတူနှင့် ငယ်စဉ်တောင်ကျေး ကလေးဘဝကစပြီး လက်တွဲခဲ့ဖူးသည်။

ဘုန်းကြီးကျောင်းသားမှအစ အတန်းပညာ လေးတန်းအထိ နေသည်အထိ နေခဲ့ဖူးသည်။ ဘုန်းကြီးကျောင်း လိုက်စဉ်ကလည်း ဒီလူက စိတ်ရင်းမကောင်းခဲ့။ တစ်ဘို့တည်းသာကြည့်ပြီး အတ္တထားသည်။ အတန်းကျောင်းလိုက်တော့လည်း တောမောင်အပေါ်သာမက အခြား ကျောင်းသားများအပေါ်တွင်လည်း စိတ်ရင်း မကောင်းခဲ့။ ဗိုလ်ကျချင်သည်။ နိုင်လိုမင်းထက် ပြုချင်သည်။

အရွယ်ရောက်၊ ဘဝပေးအခြေအနေအရ ကျောင်းထွက်ပြီး အိမ်ထောင်အသီးသီး ကျခဲ့ကြ ပြန်တွေ့လည်း စိတ်ရင်းမကောင်းရှာခဲ့။ သူသာ အသိ၊ သူသာ အတတ်ဟု ထင်နေသည်။ အလုပ် လုပ်ကြပြန်တော့ ပိုဆိုးသည်။

စိတ်ရင်းအတွင်းသဘောက ဟန်မဆောင်နိုင်သောအဆင့်အထိ တောမောင်အပေါ် ငြိုငြင် လာသည်။ မုဒိတာတွေ ပျက်လာသည်။ ကြည့်လေ ...

အိမ်ထောင်ကျ ကိုယ့်ဘဝ ကိုယ့်ဇနီးနှင့်အတူ ကိုယ့်သားသမီးတွေ၏ ဘဝ အေးချမ်းအောင် အလုပ်လုပ်ကြရသည်က သနပ်အိုကွင်း။

ထိုကွင်း ထိုတောင်က တောနက်သည်။ သစ်ကြီး၊ ဝါးကြီးပေါသည်။ လျှိုမြောင်တွေ၊ ရေအိုင်လေးတွေ၊ ရေချိုင့်တွေ ရှိသည်။

သည်တော့ တောမောင်တို့ ဝါသနာပါသည့် တောလိုက်အလုပ်လုပ်ဖို့ အကွက်အကွင်း အကျဆုံး ထိုကွင်း ထိုတောထဲမှာ အကောင်တွေရှိသည်။

တစ်ခါတရံ တောဝက်အထိ၊ တောကြက်အထိ၊ ယုန်အထိ၊ နောက်ဆုံး ကြီးမားသည့် မြွေကြီးတွေအထိ။

တောထဲဆင်း တောင်ကုန်းပေါ်တက်၊ ဖမ်းရသည့် အကောင်၏ တန်ကြေးက သူတို့မိသားစု အတွက် ဝမ်းဝရေး၊ ခါးလှရေးအတွက် အများကြီး အထောက်အကူပြုခဲ့သည်ဆိုတော့ တောထဲ မဆင်းလို့က မရ။

သည်တော့ သူတို့နှစ်ဦး အပြိုင်ဆင်းရသည်။ နှစ်ကြာလာသည်နှင့် ကိုအေးငွေမှာ ကျောထောက်နောက်ခံ သားတစ်ယောက် ရှိလာသည်။ အိမ်ထောင်ကျစောသည့် ကိုအေးငွေမှာ လက်ရုံးတစ်ဆူကြောင့် ပိုပြီး အားတက်ခဲ့သည်။

သားဖြစ်သူကို လေးတန်းအထိသာ ကျောင်းပညာပေးခဲ့ပြီး လတ်တလော ဘဝရပ်တည်ရေး ပညာဖြစ်သည့် တောလိုက်သည့်လုပ်ငန်းကို သင်ခန်းစာ အကြေပေးခဲ့သည်။ ပိုက်ချက်လည်း ပေး၊ ဟင်းစားလည်း ပြ။

တောမောင်မှာတော့ ကလေးရခဲ့ပေမယ့် ဥမမည်စာမမြောက် အရွယ်တွေမို့ အားကိုးဖို့ လုံးဝမဖြစ်နိုင်။ စိတ်ထဲမှာလည်း သားနှင့် သမီးတွေ အရွယ်ရောက်လို့ အားကိုးရသည့် အင်အားတွေရှိစေအုံး ဘယ်တော့မှ ထိုအလုပ်မျိုးကို အမွေမပေး။

စိတ်ကူးထဲမှာတော့ ကလေးနှစ်ဦးအတွက် အနာဂတ်ရောင်ခြည်တွေက လှလှပပ။ စိတ်ကူးပန်းတွေက ကြိုင်ကြိုင်လှိုင်လှိုင်။

'အင်း ... သမီးကြီးရင် ကျောင်းဆရာမဖြစ်ရမယ်။ သားကြီးရင်တော့ ဆရာဝန်ကြီး ဒါမှမဟုတ် စစ်ဗိုလ်ကြီး ဖြစ်ကိုဖြစ်ရစေ့မယ်'

အတွေးနှင့်အတူ ကြည်နူးခဲ့သည်။ ထို့ကြောင့် အကုသိုလ်အလုပ်ဖြစ်သည့် တောအလုပ်မျိုးကို ဘယ်တော့မှ မပျော်မွေ့စေချင်။

အဲ ... ကိုအေးငွေကတော့ သူ့လိုမဟုတ်။ မိုးကြိုးပစ်ရာ ထန်းလက်နှင့်ကာသည့်သဘောဖြင့် သားသမီးတွေကို ကမ္ဘာမီးလောင် သားကောင်ချနင်းသည့် အသွင် ဖြစ်နေသည်။

သည်ကြားထဲ တောမောင်အပေါ် ဘာကြောင့်၊ ဘယ်လိုအကြောင်းကြောင့် တောထွက်ခြင်း အလုပ်အပေါ် မနာလို ဝန်တို ဖြစ်ခဲ့ရဘိသနည်း။ အကြောင်းကတော့ ရှိမည်။

နောက် စုံစမ်းကြည့်တော့ သိခွင့်ရခဲ့သည်။ တောထဲ တောင်ပေါ်က သားကောင်သည် သူ့သားကောင်ဖြစ်ရမည်တဲ့။ ပင်လယ်ရေကို သူတစ်ဦးတည်း သောက်ချင်တဲ့ သဘော။

တာတီးတို့ ကျင်အေးတို့ ဆင်းရဲနွမ်းပါးသူတွေ၊ အခြား တောလိုက်ဝါသနာပါသူတွေ လိုက်ချင်၊ တောကောင်ပစ်ချင်တာတောင် မလိုက်ဖို့ မပစ်ဖို့ စိတ်ညစ်အောင်ပြောတဲ့သူ။

လက်တွေ့ပသမား တောမောင် တောထွက်သည့်မို့ တောမောင်အပေါ် ဘယ်မှာ ကျေအေး ပါမည်နည်း။ မနှစ်က အဖြစ်ကို မှတ်မိသေးသည်။

ညနေခင်းအချိန် ရွာထိပ်တောကအပြန် ဆုံဖြစ်ခဲ့သည်။ တောမောင်က ကိုအေးငွေကို နှုတ်ဆက်သည်။ နှုတ်မဆက်ချင်သလိုလိုလုပ်ရင်း သူတို့ရလာသည့် တောကောင်များကို မမြင်အောင် အိတ်ကို ဖုံးကွယ်ထားသည်။

မနက်ဖြန် တောထွက်ရင်တော့ အတူထွက်ဖို့ပြောတော့

မထွက်ချင်ဘူးဟု မုသာဝါဒ ကျူးလွန်ခဲ့သည်။ အဲ ... နောက်ရက်တောထဲရောက်တော့ ကိုအေးငွေ ရောက်နှင့်နေပြီ။ တောကောင် သုံးလေးကောင်ပင်ရနေပြီ။ ထိုအခါ လူချင်းခွဲပြီး တောနင်းခဲ့ရာ တောမောင် ပစ်လိုက်သည့်သိမ်းငှက်တစ်ကောင်ကို ကိုအေးငွေက သူပစ်တာပါဟု ပြောပြီး ယူသွားသည်။

နောက် လင်းမြွေတစ်ကောင်ကိုလည်း သူလိုက်နေတာဟုပြောပြီး ယူသွားပြန်သည်။ ယုန်တစ်ကောင်၊ တောခွေးတစ်ကောင်နှင့် စပါးအုံးတစ်ကောင်လည်း ထိုအတိုင်းပင်။

ထိုကိစ္စများကို ရန်မများရလျှင် ပြီးရောသဘောနှင့် နေလာခဲ့ပေမယ့် နောက်ရက်တွင် တောမောင် အရှင်ဖမ်းလာသည့် မြွေပွေးနှစ်ကောင်၊ လင်းမြွေသုံးကောင်အတွက် အချင်းများ ခဲ့ရသည်။

ကြည့်လေ ... မြွေတွေကို ပလိုင်းထဲထည့်ပြီး မောမောနှင့် ထိန်ပင်အောက်အိပ်နေစဉ် ကိုအေးငွေက ပလိုင်းအဖုံးကိုဖွင့်ကာ ထားခဲ့သည်။ တော်သေးသည်။ မြွေပွေးတွေလွတ်သွားပြီး လူကို ကိုက်မသွားလို့။ ကိုက်လို့ကတော့ အသက်ရှင်စရာ မမြင်။

ထိုအခါကျတော့ လုံးဝ သည်းမခံနိုင်ပြီ။ ပြောခဲ့ရ၏ ။ စကားများခဲ့ရ၏ ။ တုတ်တွေ၊ ဓားတွေ ကိုင် လေးခွတပြင်ပြင် ဖြစ်ခဲ့ရသည်အထိ။

'အင်း ... ဒီလူရဲ့စိတ်က ဩချယူရလောက်အောင် ယုတ်မာပါလား။ ဘဝတူအပေါ် ဘာပြုလို့များ ကူညီစိတ်၊ မေတ္တာစိတ် မထားနိုင်တာလဲ။ မုဒိတာ မပွားနိုင်တာလဲ'

× × ×

ခပ်သွက်သွက်သွားရင်းနှင့် တွေးလာခဲ့သည့် အတွေးများကို ဖြတ်လိုက်သည်။ ရွာဆီ ပြန်ကြည့်မိတော့ လေးမိုင်ကျော်ခန့် ကျန်ခဲ့ပြီ။

နောက်ထပ်မကြာခင် သနပ်အိုကွင်းကို ရောက်တော့မည်ဆိုတာ သိနေသည်။ လာနေကျ တောတောင်၊ သွားနေကျ လမ်းမို့ မျက်စိတွေက ကြိုတင်သိနေသလို ခြေထောက်တွေက နားလည်နေသလိုလို။

သနပ်အိုတော ဟိုဘက်မှာ သနပ်အိုတောင်ကုန်းရှိသည်။ သနပ်အိုတောနှင့် သနပ်အို တောင်ကုန်းကို သနပ်အိုကွင်းဟု ခြုံငုံပြီး ခေါ်ထားကြ၏ ။

ယခုလည်း သနပ်အိုကွင်း ဝင်တော့မည့်အကြောင်းကို သနပ်ပင်၊ ထိန်ပင်အချို့က ပြောက်ကျားပြောက်ကျား။ ဟိုတစ်ပင် သည်တစ်ပင် တွေ့ခဲ့ရပြီ။

အခြားအပင်တွေကလည်း ဟိုနားတစ်ပင်၊ ဒီနားတစ်ပင်။ အချို့နေရာမှာတော့ အစုအဖွဲ့နှင့် ပေါက်နေသည်က အေးချမ်းမှုအပြည့်။

အပင်များနှင့်အတူ ချုံနွယ်ပိတ်ပေါင်းတွေ၊ ကစာတန်းတွေနှင့် တောငရုတ်ပင်ရိုင်းတွေ။ တောနာနတ်ပင်တွေက အစီအရီ။ နေခြည်က ဝန်းကျင်ကို လွှမ်းခြုံခဲ့ပြီ။

တောမောင်တစ်ယောက် ငါးမရ ရေချိုးပြန်မည် ဆိုသောအသိနှင့် လက်နက်များကို အသင့် အနေအထား ပြင်ဆင်ရသည်။

လူသွားလမ်းကျဉ်းကျဉ်းလေးက မေးမှန်လာပြီ။ အမှန်တော့ ဤကွင်းကို လူတွေ သိပ်မလာကြ။ သွားဖူးလာစ သိပ်မရှိကြ။ တောမောင်တို့ တောလိုက်သူတွေသာ လာသည့်တော။ မလာတာလည်းမပြောနှင့် ထိုတောက ကြမ်းသည်။ မြေက ကြမ်းသည်ဟု ဆိုသည်။

အထူးသဖြင့် အဆိပ်ပြင်းမြွေကြီးတွေ ပေါသည်။ မြွေပွေး၊ တောကြီးမြွေဟောက်၊ ငန်းစောင်း၊ ငန်းပုပ်ပေါသလို စပါးအုံး၊ စပါးကြီးမြွေတွေလည်း ရှိသည်။

အနှီအကောင်တွေကတော့ ယခုအချိန်မှာတော့ ကိုအေးငွေ၊ တောမောင်တို့၏ ဘဝဝမ်းမီးကို အပူသက်သာရန် အသပြာအဖြစ် ပြောင်းလဲပေးနေပြီ မဟုတ်ပါလား။

ဒီကောင်တွေ အခြားအကောင်တွေကို ဖမ်း၊ ဖမ်းရတာ ကို ရောင်း။ ရောင်းရတော့ ငွေဖြစ်။ ငွေဖြစ်မှ ဆန် ဆီ ဆား ဝယ်။ ဘယ်လောက် ဟန်ကျသနည်း။

တွေးရင်းနှင့် မပီမပြင် လူသွားလမ်းအတိုင်း လာခဲ့သည်။။ လမ်းက ကွယ်သွားလိုက်၊ ခပ်ရေးရေး ပေါ်လာလိုက်။ လမ်းဘေးဝဲယာမှာ ဘူးပင်တွေ၊ နွယ်ပင်တွေနှင့် တောကွမ်းသီးအပင် ဟု ခေါ်သည့် အပင်ပုလေးတွေက အစီအရီ။ မကြာပါ။ သနပ်အိုတောထဲ ဝင်ခဲ့သည်။

တောစပ်တွင် အပင်ပုလေးတွေ၊ ချုံပင်တွေက ခပ်နိမ့်နိမ့်။ အတွင်းဝင်လာလေ အမြင့်တွေ၊ ချုံတွေက ခပ်မြင့်မြင့်။ တိတ်ဆိတ်မှုက ကျောချမ်းစရာအပြည့်။ သို့သော် လှုပ်ရှားနေကျ၊ မြင်နေကျမို့ တောမောင်အတွက် မဆန်းပြားဘဲ ရိုးအီနေသည့်သဘော။

တစ်စနှင့်တစ်စ တောက နက်လာသည်။ သွားရ လာရတာ သိပ်ပြီး ခရီးမတွင်တော့။ အပင်တွေကို ရှောင်၊ ချုံတွေကို ကွင်းရသည်။

ဒီကြားထဲ ရေခန်းနေသည့် ပတ်ကြားအက်အသွင် ချိုင့်တွေကို ခုန်ကျော်ရသေး။ တောမောင်တစ်ယောက် ခါးကြားမှဓားကို သတိထားရသည်။ လက်ထဲမှ ခက်ရင်း၊ ပေါက်ပြားကို အရန်သင့်သဘောဖြစ်အောင် နေရသည်။

အဝေးပြေးလက်နက်အဖြစ် လေးခွကိုတော့ အရန်သင့် ပြင်ထားရသည်။

တောအတွင်း ဆယ်မိနစ်ခန့်သွားမိတော့ ထိန်ပင်အောက် ခဏနားလိုက်သည်။ နားရင်းနှင့် မျက်စိဖွင့်၊ နားစွင့်ရသည်က အမော။

'အင်း ... ယုန်ရရင် ရ၊ မရရင် တောကြွက်ပေါ့။ တောကြွက်မှမရရင်

မြွေပွေး၊ မြွေဟောက်။ ဒီကောင်တွေမှ မရရင် တောခွေး။ တောခွေးမှမရရင် စပါးအုံးဖြစ်ဖြစ်၊ စပါးကြီးဖြစ်ဖြစ် ရတဲ့အကောင် ယူရမှာပဲ။ အကောင်ရမှ ငွေဖြစ်မှာ'

တွေးရင်းနှင့် ထိန်ပင်အောက်မှ ထဖို့ပြင်သည်။ လေးခွလွယ်အိတ်ကို လွယ်သည်။ ဓားကို ခါးမှာထိုးလိုက်ပြီး ခက်ရင်းနှင့် ပေါက်ပြားကို လက်တစ်ဖက်မှာ ကိုင်လိုက်သည်။

တောအလယ်လောက်ကို ရောက်ခဲ့ပြီ။ တောထဲမှ အပင်များကို ကျော်ပြီး တောင်ကုန်းဆီ ကြည့်မိသည်။ ညို့မှိုင်းစွာသော သစ်ပင်တို့ကို မြင်နေရပြီ။ ထိုအချိန် တောမောင်နှင့် မလှမ်းမကမ်း အရပ်မှ စကားပြောသံကို မသဲမကွဲ ကြားနေရသည်။

'အင်း ကိုအေးငွေတို့ သားအဖထင်ပါရဲ့။ ဟုတ်မှာပါ။ ဒီတောထဲဝင်တာ သူတို့သားအဖနဲ့ ငါပဲရှိတာ'

စကားပြောသံကို ရပ်ပြီး နားထောင်သည်။ စကားပြောသံက မသဲမကွဲ။ နားဝမှာ မကြားနိုးနား။

သို့သော် လူတစ်ယောက်နှင့် တစ်ယောက် တိုင်ပင်ရင်း လာသည့်အသံမျိုး။ သတိပေး စကားတွေနှင့် တောတိုးလာသည့် အသံမျိုး။

တောမောင်တစ်ယောက် နားစွင့်၊ မျက်စိဖွင့်ထားရင်းနှင့် ကြည့်သည်။ နားထောင်သည်။ တောမောင်နှင့်မဝေးသည့် အရပ်ဆီမှာ လူရှိနေကြောင်း အတတ်သိလိုက်ပြီ။

'ဟုတ်တယ်။ ဒါ ကိုအေးငွေ အသံ၊ တစ်ဖက်အသံက သူ့သားရဲ့ အသံပဲ။ အင်း ... ထိပ်တိုက်တွေ့ရင် ရန်စကားများ ပြောအုံးမလား။ အင်း ... ဒီလောက်အထိတော့ မရိုင်းလောက် ပါဘူးလေ။ တောတောင်ထဲမှာဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် တိုင်တိုင်ပင်ပင် ဖြစ်လောက် ပါတယ်' ဟု တွေးအပြီး လှမ်းလက်စ ခြေလှမ်းတွေ စ လိုက်သည်။ မကြာပါ။ သနပ်အိုတောစပ် တစ်ဖက်ကို

ရောက်ခဲ့ပြီ။

အရင်ရက်တွေကဆိုရင် သနပ်အိုတောထဲမှာပင် တောကြွက်၊ ယုန်တို့ တင်းကျမ်းအပြည့် ရခဲ့ဖူးပြီ။ စောစောက စကားသံအချို့ ကွယ်ပျောက်သွားခဲ့သည်မို့ တောစပ်ကို လာခဲ့သည်။

တောစပ်မှတစ်ဆင့် တောင်ကုန်းပေါ်တက်မည်။ တောင်ကုန်းပေါ်မှာက သားကြီး ငါးကြီး ပိုပေါသည်လေ။

ထိုအချိန် တောမောင်နှင့် ဝါးငါးပြန်ခန့်အကွာမှ မြင်ကွင်းကြောင့် မျက်လုံးပြူးသွားသည်။

'ဟင်' ဟုသာ အာမေဋိတ်သံတစ်ချက်က မတိုးမညင်းထွက်သွားသည်။ ရင်တွေ ဖိုသွားသည်။ ကြည့်စမ်း တောမောင်ရှေ့မှာ ....။

မိမိရှေ့မှာ တောစပ်မှ အပင်ပုများ၊ ချုံနွယ်ပိတ်ပေါင်းများ၊ ပြီးတော့ ရေမရှိတော့ပြီဖြစ်သော တောင်ကျရေစီးကြောင်းများ။ နောက် နွေမိုးဆောင်း ရေမပြတ်သည့် သိပ်ပြီးမကျယ်သော ရေအိုင် ကလေး။

ထိုရေအိုင်လေးကို တောတွင်းအောင်းသတ္တဝါတွေ အမြဲအားထားရသည့်အိုင်လေးသာ ဖြစ်သည်။ အိုင်လေး၏ တစ်ဖက်ဆီမှာ ဝါးတောအချို့နှင့် ကျည်းနီပင်လေး နှစ်ပင် သုံးပင်က ပတ်ရံပြီး ပေါက်နေသည်။

မြင်လိုက်ရသည့်မြင်ကွင်းက ရှေးလူကြီးတွေပြောသည်သာ ကြားခဲ့ရဖူးပြီး လက်တွေ့ မမြင် နိုင်သည့်အဖြစ်။ ယခု လက်တွေ့ မြင်တွေ့ရပြီ။ ကြည့်လေ။ ရှည်လျားတုတ်ခဲနေသည့် စပါးကြီးမြွေ တစ်ကောင်သည် ဝါးပင်တစ်ပင်ကို အမြီးပတ်၊ တစ်ဖက်ရှိ ထိန်ပင်ကိုင်းကို ခေါင်းတင်၊ တစ်ပတ် ပတ်ထားပြီး ကိုယ်လုံးကြီးက ရေအိုင်ထဲ ချပြီးထားသည်။

ချထားသည့်ကိုယ်လုံးနှင့် အိုင်ထဲမှ ရေများကို တစ်ဖက်သို့

ပက်ထုတ်နေသည်။

'ဗွမ်း ... ဗွမ်း ... ဗွမ်း'

'ဗွမ်း ... ဗွမ်း ... ဗွမ်း'

ရေတွေက ကုန်းပေါ်ကျရောက်နေသည်။ ပက်ပစ်ခံရသည့် ရေစက်များနှင့်အတူ အိုင်ထဲမှ ငါးတွေ ကုန်းပေါ်ကျရောက်နေကြသည်။

ငါးတွေက အစုံ။ လက်ဝါးသာသာ ငါးကြီးအချို့က ကုန်းပေါ်မှာ လူးလူးလွန့်လွန့်၊ ငါးရံ့ပြာလူးဆိုသည့် သဘောမျိုး။

စပါးကြီးမြွေကြီးက ရေတွေခန်းသည်အထိ ပက်နေခဲ့သည်။ ရေတွေကုန်အောင် ပက်။ ကုန်းပေါ်တွင် ငါးများတင်ပါက ဆင်းပြီးစားမည့်ပုံမျိုး။

ကုန်းပေါ်မှာ ငါးအချို့ လူးလွန့်သည့်အကောင် လူးလွန့်သည့်အကောင် လူးလွန့်။ သေသည့် အကောင် သေ။ မလှုပ်မရှား။ ရေတွေနောက်ကျို၍ ကျန်ရစ်သည့် ငါးအချို့မှာလည်း ရေနောက်ထဲမှာ ဟိုလူး ဒီလူး။

မြွေကြီးက သူ့ကိုယ်လုံးကြီးကို အားယူပြီး ဘယ်ပြန်ညာပြန် ပုခက်လွှဲသလို ပက်နေသည်။ လျှင်မြန်လွန်းသည့် လှုပ်ရှားမှုကြောင့် ရေပက်သံက တဗွမ်းဗွမ်း။

'ဗွမ်း ... ဗွမ်း ... ဗွမ်း'

ရေပက်နေသည့်အသံကို နားစွင့်ကြည့်ရင်းမှ တောမောင်အကြံထုတ်နေပြီ။

'အင်း ... နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်ပါပဲလား။ မြွေကြီးလည်းရ ငါးလည်းရ'

မှန်သည်။ အိုင်ထဲ ရေမကုန်ခင် မြွေကြီးကို အရှင်ရအောင်ဖမ်းမည်။ ပြီးမှ ငါးတွေကို ကောက်မည်။ ကျန်သည့်ငါးတွေကို ဖမ်းမည်။ အကြံနှင့်အတူမြွေကို

ဦးစွာဖမ်းဖို့ ကြံနေမိသည်။ နွယ်ကြိုးကွင်းစွပ်နည်းနှင့် ဖမ်းဖို့ နွယ်ကြိုးရှာဖို့ ကြံသည်။

ထို့ကြောင့် သူ့ကို မြွေကြီးမမြင်သာအောင် နောက်ဆုတ်ပြီး ထိန်ပင်တစ်ပင်တွင် နွယ်ပတ်နေသည့် ခွေးတောက်ပင်ဆီ လာခဲ့သည်။

'အု ... အု ... အု'

'အူး ... အူး ... အူး'

ထိုအချိန် တောမောင်နှင့် မလှမ်းမကမ်းဆီမှ ခွေးအူသံကြောင့် ကြည့်မိသည်။

'ဟင် ... တောခွေးအ နှစ်ကောင်ပါလား'

× × ×

မှန်ပါသည်။ တောခွေးအ နှစ်ကောင်သည် နားရွက်များကို ထောင်၊ အမြီးများကို ပေါင်ကြား သွင်းထားပြီး နှုတ်သီးကို မြေပြင်နှင့် ကပ်သည်အထိ အစာကို အနံ့ခံလာကြရင်း မြေပြင်ပေါ် သေနေသည့် ငါးကြီးများကို တစ်ကောင်က မြင်သွားသည်။

အစာမြင်ရသည့်အကောင်က ကျန်အကောင်ကို အစာတွေ့ကြောင်း သတိပေးသည့် အနေဖြင့် ခေါ်သံပြုသည်။

'အု ... အု ... အု'

ခေါ်သံကြောင့် အခြားတစ်ကောင်က အပြေးလာပြီး ငါးများကို အလုအယက် စားနေ ကြသည်။ တောခွေးနှစ်ကောင် စားဆဲအချိန် မြွေကြီးသည် သူ၏ ကိုယ်လုံးကြီး လှုပ်ခါနေရာမှ ရပ်သည်။ ရေသံ မကြားရတော့။

ပြီးတော့ အိုင်တစ်ဖက်တွင်ထားသည့် ခေါင်းကိုမတ်လာပြီး သူ

ကြံ့ဖန်ထားသည့် ဝမ်းစာကို ခိုးကြောင်ခိုးဝှက်စားနေသည့် တောခွေးနှစ်ကောင်ထံ ကြည့်နေသည်။ မိမိအစာကို လုစားနေသည့် တောခွေးနှစ်ကောင်အပေါ် အဘယ်မှာ ဒေါသမဖြစ်ဘဲ နေမည်နည်း။

သို့ကြောင့် မြွေကြီးသည် အမြီးပိုင်းကို ဖြေချသည်။ ပြီး ခေါင်းပိုင်းအထိ ကိုယ်လုံးကို ကျုံ့ယူအပြီး လျှောခနဲ ဆင်းလာသည်။ အိုင်ထဲမှဖြတ်ရင်း တောခွေးအဆီ တလူးလူး တလွန့်လွန့် လာနေသည့် မြွေကြီး၏ ဒေါသ လှုပ်ရှားမှုတွေကြောင့် ရေပြင်မှာ ပိုပြီးနောက်ကျိသွားသလို ကျန်သည့်ငါးတွေကလည်း ဟိုပြေး ဒီကူး။

တောခွေးနှစ်ကောင်မှာ ငါးအရှင်ရော အသေပါ အလုအယက်စားရင်း ပျော်မြူးနေကြဆဲ။

'အု ... အု ... အု'

'အူ ... အူ ... အူ'

သံသေးသံကြောင် အသံပြုရင်း ငါးအသေများပြန့်ကျဲရာကို ပြေးရင်းလွှားရင်း စားနေကြဆဲ။ ထိုအချိန်တွင် မြွေကြီး ရုတ်တရက် အပြေးဝင်လာသည်။

'ရှူး ... ရှူး ... ရှူး'

'ဖြီး ... ဖြီး'

'ဝုန်း'

နှာသံ၊ ဒေါသံနှင့် တောသံတွေ မှုတ်ထုတ်ရင်း ပြေးဝင်လာသည့် မြွေကြီးသည် တောခွေး နှစ်ကောင်အနီး ကျလာသည်။ ရုတ်တရက် ခွေးနှစ်ကောင် ကြောင်သွားသည်။ သို့သော် တောခွေး နှစ်ကောင်က မြွေကြီးကို မကြောက်။ အုပ်စု အသင်းစုများပါက ကျားတွေ၊ ဆင်တွေပင် မကြောက်သည့် အကောင်မျိုး။

ယခု နှစ်ကောင်တည်းဆိုတော့ မြွေကြီးကို ရင်ဆိုင်ဖို့ အကြံယူနေကြသည်။ ပါးစပ်ထဲမှ စားလက်စ ငါးသေအချို့ကို မြေပြင်မှာ ချလိုက်ကြသည်။ ခေါင်းထောင်လာကြသည်။ သေးငယ်သည့် စူးရှသော မျက်လုံးများကို အားပြုရင်း မြွေကြီး၏ လှုပ်ရှားမှုကို ကြည့်နေသည်။ ကြည့်ရင်းမှ တစ်ကောင်နှင့် တစ်ကောင် ခပ်ခွာခွာ နေလိုက်သည်။

မြွေဆိုတာ ပေါက်သတ်မည်။ အမြီးနှင့် ပတ်ဝိုက်ပြီးရိုက်မည်။ ပြီးမှ ကိုယ်လုံးနှင့်ပတ်ပြီး ဖျစ်ညှစ်ကာ မျိုမည့်အကောင်မျိုး။ ဒီအကွက်ကို တောခွေးတွေသိသည်။

သို့ကြောင့် ခပ်ခွာခွာ နေလိုက်ကြပြီး မြွေကြီး၏ တိုက်ကွက်ကို စောင့်သည်။

'ဟာ ... တောမောင်'

'ဟင် ... ကိုအေးငွေ'

ရုတ်တရက် နောက်ကျောဆီမှ ခြေသံကြောင့် လှည့်ကြည့်မိသည်။ ကိုအေးငွေတို့ သားအဖ ဖြစ်နေသည်။

'ဟိုမှာ တောခွေးနဲ့ တောမြွေ တိုက်ပွဲဖြစ်တော့မယ်'

တောမောင်က လက်ညှိုးညွှန်ပြသည်။ ကိုအေးငွေက ...

'ကိုယ်တို့ မြင်နေရတာ ကြာပြီ။ ဟိုဘက်ချောက်ထဲက ချောင်းကြည့်နေကြတာ။ ကာရန် မသင့်ရင် ချောက်ထဲဆင်းပြေးလာနိုင်တယ်။ ဒါကြောင့် ဒီဘက်ထိန်ပင်ပေါ်က တက်ကြည့်ရအောင် လာခဲ့ကြတာ။ ကဲ ... အပင်ပေါ်တက်။ ဒီတိုက်ပွဲက ကြည့်ကောင်းမှာ'

ကိုအေးငွေ စကားမဆုံး။ သူတို့သုံးဦးစလုံး ထိန်ပင်ပေါ် အပြေးတက်ခဲ့ကြသည်။ ထိုအချိန်၌ မြွေကြီးက ခေါင်းထောင်သည်။ ပါးစပ်ကြီးကို

ဖြဲသည်။ လျှာကို ပြူတစ်ပြူတစ်လုပ်သည်။ အာနီနီ ပါးစပ်ကြီးက ရဲရဲမှည့်မှည့်။ မီးကျည်းခဲအလား မျက်လုံးနှစ်လုံးက တောခွေးနှစ်ကောင်ကို ပြာကျ လုလုကြည့်နေပုံက အသည်းယားစရာ။ ခွေကြီးက ရုတ်တရက် တောခွေးတစ်ကောင်ထံ ပေါက်သည်။ ကျန်တစ်ကောင်ဆီကိုလည်း အမြီးနှင့်ရိုက်သည်။

အပေါက်ခံရသည့် အကောင်ကလည်း ခွေခေါင်းမကျခင် ခုန်ရှောင်လိုက်သလို အမြီး အယမ်းခံရသည့် အကောင်ကလည်း ခုန်ပြီးရှောင်သည်။

ပထမတိုက်ကွက်တွင် ခွေကြီးအတွက် အချည်းအနှီးဖြစ်သွားသည်။ တောခွေးနှစ်ကောင် သည် ခွေကြီးထံကြည့်လိုက်ရင်း ပြန်လည်ကိုက်ဖို့ အသံပြုနေပြီ။

'အု ... အု ... အု'

'အူး ... အူး ... အူး'

အသံတွေပေးနေကြရင်း ဟိုပြေး ဒီပြေး ခွေကြီးမျက်စိနောက်အောင် ပတ်ချာလှည့်နေ သည်။ ခွေကြီးသည် တောခွေးနှစ်ကောင် လှုပ်ရှားရာကိုလိုက်ပြီး ခေါင်းကို ရွှေ့ပေးနေရသည်။ နောက်တစ်ကြိမ် ပေါက်လည်း ပေါက်၍ အမြီးနှင့် ရိုက်လည်း ရိုက်သည်။

အရန်သင့် စစ်ပြင်ထားသည့် တောခွေးနှစ်ကောင်က ပြိုင်တူရွှေ့ပေးလိုက်၍ လွတ်သွား သည်။ ပစ်မှတ်ကို မထိသောခွေကြီး ဒေါသဖြစ်နေပြီ။ ဆက်ပြီးပေါက်သည်။ ကိုယ်လုံးနှင့် ယမ်းသည်။

တိုက်ပွဲက ကြမ်းလာသည်။ ဆက်ကာဆက်ကာ ပေါက်နေသည့် ခွေခေါင်း ရှေ့မှ ခွေးသည် ခုန်ရှောင်ရင်း အသံပြုရင်းရှိနေသလို အမြီးအယမ်းခံ၊ အရိုက်ခံနေရသည့် ခွေးကလည်း ခုန်ရှောင်ရင်း အသံပေးနေသည်။

သို့ဖြင့် မြွေကြီးက ပေါက်လိုက် ယမ်းလိုက်၊ ခွေးနှစ်ကောင်က ခုန်ရှောင်လိုက်ဖြင့် ရှိနေသည်။

'အဲဒါ ... ဘဝ ဝမ်းမီးတောက်အတွက် ဖြစ်ကြတဲ့တိုက်ပွဲပဲ ကိုအေးငွေ'

ထိန်ပင်ခွကြားထိုင်၍ မြွေနှင့် တောခွေးတို့၏ တိုက်ပွဲကိုကြည့်ရင်း စတင်စကားပြောသူက တောမောင်။ တောမောင်အပြောကြောင့် ကိုအေးငွေတစ်ယောက် နားမလည်စွာနှင့် ကြည့်ရင်း ရှိသည်။

'တစ်ခါက ကျုပ်နဲ့ခင်ဗျား ပြဿနာတက်ခဲ့ရတယ်။ ပြဿနာဖြစ်ရတာ လည်း ဘယ်သူမှားလို့ ဘယ်သူမှန်လို့ ဆိုတဲ့ အဖြေမရှာချင်ပါဘူး။ ထားပါတော့လေ။ ကျုပ်ပြောချင်တာက တစ်ရွာတည်း နေ၊ တစ်တောတစ်တောင်တည်း ဘဝတူအလုပ်တွေ၊ ဝါသနာတူအလုပ်တွေ လုပ်နေတဲ့အချိန် ဒီတောထဲကသားကောင် ငါ့ရဲ့သားကောင်၊ ပင်လယ်ရေ ငါပဲသောက်မယ်။ ငါသာ အသိ၊ ငါသာ အတတ်ဆိုတဲ့ အတ္တမာနစိတ်ထားနေရင် ကျုပ်တို့ သင့်မြတ်မှာ မဟုတ်ဘူး။

'ဟောဟို တိုက်ပွဲကိုကြည့်။ အတ္တမာနတွေထား၊ တစ်ကောင်ရဲ့အစာကို တစ်ကောင်က လုစားတော့ တိုက်ပွဲဖြစ်နေကြပြီ။ ကျုပ်တို့ အဲဒီ လိုမျိုး အဖြစ်မခံနိုင်ဘူး ကိုအေးငွေ။ တစ်ယောက်နဲ့ တစ်ယောက် တိုင်တိုင်ပင်ပင်၊ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး နေကြရအောင်ဗျာ။ တစ်ယောက် အမှားကို တစ်ယောက်က ပြုပြင်ပေးကြရင်းပေါ့။ ကျွန်တော့်အမှားရှိရင်လည်း ထောက်ပြပေးပါ ဟုတ်လား'

ကိုအေးငွေက ပြုံးသည်။ ပြုံးရင်းမှ ...

'ကိုယ် နားလည်ပါပြီကွာ။ မြွေကြီးအစာပက်နေတာ၊ တောခွေးတွေ လာစားနေတာ၊ မြွေကြီး ဆင်းလာပြီး တိုက်ပွဲဖြစ်တာအထိ ကြည့်နေသူပါ။ ဒီတိုက်ပွဲက မင်းပြောတဲ့ ဘဝဝမ်းစာကြောင့် ဖြစ်ရတယ်ဆိုတာလေ။ မင်းရဲ့

စေတနာစကားတွေကိုလည်း ကိုယ် နားလည်ပါတယ်။ တကယ်တော့ မင်းအပေါ် အမြင်မကြည်လင်ခဲ့တာဟာ ငါ့အတ္တ၊ ငါ့မာနကြောင့်ပါ။ ပြီးတော့ မင်းက ဒီတောလိုက်အလုပ်ကို မင်းသားသမီးတွေ အမွေမပေးချင်ဘူး။ ပေးချင်တဲ့အမွေက ပညာအမွေ ဆိုတဲ့ စကားကြောင့်ပဲ။ မင်းမှန်ပြီး ကိုယ်မှားပါတယ်။ မင်းရည်ရွယ်ချက်ကို လေးစားပါတယ်။ ဟောဒီက ကိုယ့်သားကိုလည်း ကျောင်းပြန်တက်နိုင်အောင် ကြိုးစားပါ့မယ်'

ကိုအေးငွေက ပြောရင်း နှစ်ခြိုက်စွာ ပြုံးသည်။ သဘောကျစွာ အပြုံးနှင့် တုံ့ပြန်ကြည့်ရင်း ကြည့်နေမိသည်။ ထိုအချိန်အထိ တိုက်ပွဲက ပြင်းထန်ဆဲ။ နှစ်ဖက်စလုံး မောနေကြပြီ။

မြွေကြီး၏ ကိုယ်မှာလည်း ခွေးကိုက်ရာတွေကြောင့် အရေခွံတွေစုတ်ပြီး သွေးတွေရွှဲနေသလို တောခွေးနှစ်ကောင်မှာလည်း မြွေပေါက်ခံရ၊ အမြီးနှင့်အရိုက်ခံရသည့်အတွက်လည်း နာကျင်ကာ သွေးထွက်နေပြီ။

'အစာလုပွဲမှာ ဘယ်သူနိုင်မယ်ထင်သလဲ တောမောင်'

အမေးစကားပြောလာသူက ကိုအေးငွေ။

'လောဘ၊ အတ္တ၊ မာနတွေကြောင့် နှစ်ဖက်စလုံး ရှုံးလိမ့်မယ် ကိုအေးငွေ'

တောမောင်အဖြေကြောင့် နှစ်ခြိုက်စွာလက်ခံပြီး ပြုံးသူက ကိုအေးငွေပဲ မဟုတ်ပါလား။

× × ×

အပြန်ခရီးမှာတော့ နားလည်မှုအပြည့်နှင့် ပြုံးရင်း၊ ကြည်နူးကျေနပ်နေကြဆဲ။ မြွေကြီး သေခဲ့သလို၊ တောခွေးနှစ်ကောင်ပါ သေခဲ့သည်။ တောမောင်ဖြေခဲ့သလို နှစ်ဖက်စလုံး ရှုံးခဲ့သည်။

နှစ်ဖက်စလုံး သေကြပြီဆိုတော့ အပင်ပေါ်မှဆင်းကာ မြွေကြီးကို

ရစ်ခွေပြီး ရွာထဲ ထမ်းယူလာသလို တောခွေးနှစ်ကောင်ကိုလည်း ထမ်းယူလာခဲ့ကြပြီ။

ရွာအဝင်လမ်း၌ မြွေကြီးနှင့် တောခွေး၊ အိုင်ငါးများထမ်းပြီး ပြန်လာသည့် သူတို့ကို မြင်ကြရတော့ ကြိုဆိုကြသည်။

တောမောင်ဇနီးအနေဖြင့် သူတို့နှစ်ဦး ခုလို တညီတညွတ် ဖြစ်နေကြသည့်မြင်ကွင်းကို မြင်လိုက် ရပြီဆိုတော့ ...။